# မြန်မာနိုင်ငံ ရွေးကောက်ပွဲများအတွက် ဥပဒေမူဘောင် လမ်းညွှန်

DEMOCRACY
REPORTING
INTERNATIONAL

# မာတိကာ


| | |
|---|---|
| အတိုကောက်အသုံးအနှုန်းများ | ၄ |
| မိတ်ဆက် | ၅ |
| ဥပဒေမူဘောင်၏ အစိတ်အပိုင်းများ | ၆ |
| ကိုယ်စားပြုမှု စနစ် | ၇ |
| သမ္မတရွေးကောက်ခြင်း | ၉ |
| မဲဆန္ဒရှင် စာရင်းသွင်းခြင်း | ၁၀ |
| ထိခိုက်လွယ်အုပ်စုများ | ၁၂ |
| နိုင်ငံရေးပါတီများ | ၁၄ |
| မဲဆွယ်စည်းရုံးရေး အသုံးစရိတ်များ | ၁၈ |
| ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း | ၁၉ |
| မဲဆွယ်စည်းရုံးခြင်း | ၂၃ |
| ကြိုတင်မဲပေးခြင်း | ၂၅ |
| မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်ကြေညာခြင်း | ၂၈ |
| စိစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း | ၃၄ |
| ရွေးကောက်ပွဲအငြင်းပွားမှု ဖြေရှင်းခြင်း | ၃၇ |

# အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| Amyotha Hluttaw Election Law | ELECT LAW A.H [1] |
| Amyotha Hluttaw Election By Law | BY.L A.H |
| Pyithu Hluttaw Election Law | ELECT LAW P.H |
| Pyuthu Hluttaw Election By-Law | BY L. P.H |
| Amyotha and Pyithu Hluttaw Election Laws | ELECT LAWS |
| Amyotha and Pyithu Hluttaw Election By-Laws (including amendment through UEC Order (3/2014) | ELECT BY-LAWS |
| State and Regions Election Law | S/R ELEC LAW |
| Campaign Directive | CD |
| Code of Conduct for Domestic Observers (UEC Notification 02/2015) | DO COC |
| Code of Conduct for International Observers (UEC Notification 02/2015) | IO COC |
| Procedures for Accreditation of International Election Observers (UEC Notification 04/2015) | IO PROC |
| Procedures for Accreditation of Domestic Election Observers (UEC Notification 06/2015) | DO PROC |
| Code of Conduct for Political Parties and Candidates | PP COC |
| Constitution (2008) | CONST. |
| Political Parties Registration Law | PARTIES LAW |
| Political Parties Registration Bylaw | PARTIES BY-LAWS |
| Presidential Election Law | PRES ELECT LAW |
| Presidential Election By-Law | PRES ELECT BY-LAW |
| Pyithu Hluttaw Election Law | ELECT LAW P.H |
| Region/ State Hluttaw Election law | ELECT LAW R/S |
| The Union Election Commission Law | UEC LAW |
| UEC Announcement on the Right to Broadcast (52/2015) | UEC (52/2015) |
| UEC Announcement on Issuing Voter Identification Slip | UEC 22/10/2015 |
| UEC Announcement Working Guidelines for Nay Pi Taw Sub-commission, District Sub-commission, Self-administered Zone Sub-Commission | UEC (4/165) WG District |
| UEC Notification on the Formation of Electoral Dispute Resolution Committees NO 34/SA MA See (1) (10)/ KA Ma Ya | UEC EDR |
| Working Guidelines for State or Region Sub-Commission | WG S/R |
| Working Guidelines for Township Sub-Commission | WG TWSH |
| Working Guidelines for the Presiding Officer, Deputy Presiding Officer and Polling Station Members | WG Polling Station Officer. |
| Working guidelines for Ward/Village Sub-Commission | WG W/V |

1 For most of the sections, the Amothya and Pyithu Hluttaw are identic. In this document, the term ELEC LAWS is used when the provisions in Amyotha and Pyithu Hluttaw laws are equal.

# မိတ်ဆက်

ရွေးကောက်ပွဲအတွက် ဥပဒေမူဘောင်များတွင် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခြင်းမှသည် ရွေးကောက်ပွဲ အငြင်းပွားမှုဖြေရှင်းရေးအထိ အပိုင်းများစွာပါဝင်သည်။ ယင်းအစိတ်အပိုင်းများသည် တစ်ခါတစ်ရံတွင် ခြင်းတောင်းထဲက ချည်ခင်များလို အပြန်အလှန်ယှက်နွယ်နေတက်သည်။ ယင်းခြင်းတောင်းထဲတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ဆောင်ရွက်ကြခြင်းဖြစ်သည်။ ယခုလက်စွဲစာအုပ်ကို မိမိတို့ ပြင်ဆင်ရခြင်းမှာ ယင်းလုပ်ငန်းစဉ်၏သော့ချက်ကျသော မျက်နှာစာများနှင့်ပတ်သက်ပြီး ဥပဒေ ပြဋ္ဌာန်းချက်များကို ဖတ်ရှုသူများရှာဖွေခြင်းနှင့် နားလည်ခြင်းတို့တွင် အထောက်အကူပြုစေရန် ဖြစ်သည်။ ရွေးကောက်ပွဲဖြစ်စဉ် တစ်ရပ်ကို တိကျစွာလေ့လာစောင့်ကြည့်ရန်နှင့် မှတ်ချက်ပြုရန်အတွက် ဆောင်ရွက်ရမည့်တစ်ခုတည်းသောနည်းလမ်းမှာ ယင်းလုပ်ငန်းစဉ်များအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင်ကိုလေ့လာခြင်းပင် ဖြစ်သည်။ မည်သည့်တိုင်းပြည်တွင်မဆို ထိုအတိုင်းပင်ဖြစ်သည်။ ဥပဒေများတွင် မည်သည့်အရာများ ပြဋ္ဌာန်းထားသည်ကို သိရှိခြင်းဖြင့် စောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲတစ်ရပ်၏ လုပ်ငန်းစဉ်များကို ရွေးကောက်ပွဲဆိုင်ရာ သက်ဆိုင်ပတ်သက်သူများ နားလည်ပြီး လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် အပြုသဘောဆောင်စွာဖြင့် မူဝါဒပိုင်းဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာကျွမ်းကျင်သူနှင့် ပြည်တွင်းကျွမ်းကျင်သူလေးဦးက စုစည်းထားသည့် ယခုလက်စွဲသည် မဲဆွယ်စည်းရုံးရေးရန်ပုံငွေ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ မဲပေးမှုကို စောင့်ကြည့်ခြင်းစသည်တို့ အပါအဝင် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ဥပဒေများစွာကို ပြည့်ပြည့်ဝဝထည့်သွင်းပေးထားသည့်တိုင် ဖတ်ရှုသူများအနေဖြင့် ယင်းဥပဒေများ စုစည်းခြင်းနှင့်အနက်ကောက်ခြင်းတို့တွင် အကြံပြုချက်များ၊ ဖြည့်စွက်ချက်များ သို့မဟုတ် ပြင်ဆင်ချက်များပြုလုပ်ကြပါရန် တိုက်တွန်းလိုပါသည်။

အားကောင်းမောင်းသန်ဒီမိုကရေစီတစ်ရပ်တည်ဆောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ရှင်းလင်းနားလည်ပြီးဖြစ်ကာ လေးစားလိုက်နာကြသည့် ဥပဒေများအပေါ်အခြေခံသည့် ခိုင်မာသောအင်စတီကျူးရှင်းဆိုင်ရာ မူဘောင်တစ်ရပ် ဖွံ့ဖြိုးလာစေရန်သာ ဖြစ်ကြောင်း DRI က ယုံကြည်ပါသည်။

# ဥပဒေမူဘောင်၏ အစိတ်အပိုင်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေမှသည် စီမံအုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ သို့မဟုတ် ကျင့်ဝတ်များအထိ ရွေးကောက်ပွဲကို မည်သို့ကျင်းပမည်ဆိုပြီး ပြဋ္ဌာန်းထားသည့် ဥပဒေအမျိုးမျိုးသည် အဆင့်အမျိုးမျိုးဖြင့်ရှိကြသည်။ ဥပဒေစကားအရပြောရလျှင် ယင်းဥပဒေများသည် အောက်တွင်ဖော်ပြထားသည့် ဇယားအတိုင်း ထက်အောက်ပုံစံ တစ်ရပ်အဖြစ်ရှိနေကြသည်။ ယင်းဥပဒေအားလုံး၏ ရင်းမြစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ယင်းတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ကိုယ်စားပြုမှုနစ်များအတွက ယေဘုယျအခြေခံမူများကို ပြဋ္ဌာန်းထားသည်။ ထိုမှ အမျိုးမျိုးသော ဥပဒေများတွင် ကိုယ်စားလှယ်လောင်းများအတွက် ယှဉ်ပြိုင်ပိုင်ခွင့်အသေးစိတ်သတ်မှတ်ချက်များ၊ မဲဆန္ဒနယ်မြေ သတ်မှတ်ခြင်း၊ ရွေးကောက်ပွဲများနှင့် နိုင်ငံသားဖြစ်မှုတို့နှင့်ပတ်သက်ပြီး မီဒီယာများတွင်ဖော်ပြခြင်းတို့ကဲ့သို့ လုပ်ငန်းစဉ်၏ သော့ချက်ကျသော မျက်နှာစာများကို ပြဋ္ဌာန်းထားသည်။ လုပ်ငန်းစဉ်၏ ပိုပြီးအသေးစိတ်ကျသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ မျက်နှာစာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများအတွက် ဖြည့်စွက်မှုဖြစ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည်။ ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် စည်းမျဉ်းဥပဒေများ (ဥပမာ- ကော်မရှင်အဖွဲ့ဝင်များနှင့် မဲရုံဝန်ထမ်းများအတွက် လုပ်ငန်းလမ်းညွှန် သို့မဟုတ် မဲဆွယ်စည်းရုံးရေးအတွက် မူဘောင်များကဲ့သို့ လုပ်ထုံးလုပ်နည်းများ) ထုတ်ပြန်ပိုင်ခွင့်ရှိသည်။




* Political Parties drafted and signed a voluntary Code of Conduct for Political Parties and Candidates

# ကိုယ်စားပြုမှု စနစ်

| | |
|---|---|
| က- ရွေးကောက်ခံလွှတ်တော်များ<br>ဥပဒေမူဘောင်- ဖွဲ့စည်းပုံ<br>အခြေခံဥပဒေ ပုဒ်မ- ၁၀၉၊ ၁၄၁၊<br>၁၆၁၊ ရွေးကောက်ပွဲ ဥပဒေများ<br>ပုဒ်မ- ၂၃ | မြန်မာနိုင်ငံတွင် ရွေးကောက်တင်မြှောက်ခံ အဖွဲ့အစည်းသုံးခုအတွက် ရွေးကောက်ပွဲများ ကျင်းပသည်။ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့ဖြစ်ကြသည်။ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒနယ် တစ်ခုထက်ပို၍ ရွေးကောက်ခံပိုင်ခွင့်မရှိပါ။ မဲဆန္ဒနယ် တစ်ခုတွင် ကိုယ်စားလှယ်လောင်းတစ်ဦးတည်းသာ ဝင်ရောက်ယှဉ်ပြိုင်ပါက ထိုနေရာတွင် ရွေးကောက်ပွဲ ပြုလုပ်မည် မဟုတ်ပါ။ |
| ခ- လွှတ်တော်များ၏<br>ဖွဲ့စည်းတည်ဆောက်ပုံ<br>ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ-<br>၁၀၉၊ ၁၄၁၊ ၁၆၁ | ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ် စုစုပေါင်း ၄၄၀ ဦး ဖြင့် ဖွဲ့စည်းထားပြီး ၃၃၀ ဦးသည် မြို့နယ်နှင့် လူဦးရေပေါ်၍ အခြေခံရွေးကောက်တင်မြှောက်ခံ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ကျန် ၁၁၀ မှာ တပ်မတော်သားများ ဖြစ်ကြသည်။ အမျိုးသားလွှတ်တော်ကို ကိုယ်စားလှယ် စုစုပေါင်း ခန့်အပ်ထားသော တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦးတို့ဖြစ်ကြသည်။ ပြည်နယ်/တိုင်းဒေသ လွှတ်တော်ကို ဖွဲ့စည်းရာတွင် တစ်မြို့နယ်လျှင် ကိုယ်စားလှယ် ၂ ဦးကျစီဖြင့် လည်းကောင်း၊ တိုင်းရင်းသား ရေးရာ ကိုယ်စားလှယ်များဖြင့်လည်ကောင်း၊ ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်စုစုပေါင်း သုံးပုံ တစ်ပုံနှင့် ညီမျှသော တပ်မတော်သား ကိုယ်စားလှယ်များဖြင့် လည်းကောင်း ဖွဲ့စည်းထားသည်။ |
| ဂ- မဲဆန္ဒနယ်များ<br>ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ- ၄၊ ၅၊<br>ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ<br>ဥပဒေ ပုဒ်မ- ၃၊ ပြည်နယ်/<br>တိုင်းဒေသကြီး ရွေးကောက်ပွဲ<br>ဥပဒေပုဒ်မ ၄ | ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို မြို့နယ်ကို အခြေခံ၍ သတ်မှတ်။ အမျိုးသား လွှတ်တော် မဲဆန္ဒနယ်များကိုသတ်မှတ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုလျှင် မဲဆန္ဒနယ် ၁၂ နေရာကို အခြေပြု၍ လည်းကောင်း၊ တစ်မြို့နယ်လျှင် မဲဆန္ဒနယ် တစ်နယ်နှုန်းဖြင့် သတ်မှတ်ထားသည်။ အကယ်၍ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုတွင် မြို့နယ် ၁၂ မြို့နယ်ထက် ပိုခဲ့ပါက ခရိုင်များပေါ် တွင် အခြေပြု၍ သတ်မှတ်သည်။ |
| ဃ- မဲပေးခြင်း<br>နည်းနာများဥပဒေမူဘောင်-<br>ရွေးကောက်ပွဲ<br>ဥပဒေများ ပုဒ်မ- ၃၊ ၁၀၊ ၁၁-<br>နည်းဥပဒေများ ပုဒ်မ- ၃၄ -၃၇။<br>ပြည်ထောင်စုရွေး<br>ကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ- ၃ | ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်များသည် ရွေးကောက်ပွဲ မတိုင်မီ ရက်ပေါင်း သုံးဆယ် ကြိုတင်၍ မဲဆန္ဒနယ်များကို ကြေညာရမည်။ သို့သော်လည်း ပဋိပက္ခ သို့မဟုတ် သဘာဂဘေးအန္တရာယ်များ ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲရွှေ့ဆိုင်းကြောင်းကြေညာခဲ့လျှင် ဖြစ်နိုင်သမျှ ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်းဖြင့်သော်လည်းကောင်း၊ ပဋိပက္ခ သို့မဟုတ်/နှင့် သဘာဝဘေးအန္တရာယ်ကင်းလွတ်သည့် နေရာများတွင်သော်လည်းကောင်း လွှတ်တော်အားလုံးအတွက် ရွေးကောက်ပွဲကို တပြိုင်တည်း ကျင်းပရမည်။ အကယ်၍ လွှတ်တော် ကိုယ်စားလှယ်များ နုတ်ထွက်သွားလျှင်သော်လည်းကောင်း၊ ရုတ်တရက်ကွယ်လွန်လျှင်သော် လည်းကောင်း၊ အရေအချင်းမပြည့်မီလျှင်သော်လည်းကောင်း လစ်လပ်သွားသော နေရာများတွင် အစားထိုးရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပခြင်းဆိုင်ရာ ဥပဒေများကို သီးခြား သို့မဟုတ် အသေးစိတ် ပြဋ္ဌာန်းထားခြင်းမရှိပါ။ |
| င- ရွေးကောက်ပွဲစနစ်<br>ဖွဲ့စည်းပုံ အခြေခံဥပဒေ<br>ပုဒ်မ- ၁၀၉၊ ၁၄၁၊ ၁၆၁၊<br>ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ<br>ဥပဒေ ပုဒ်မ- ၇၂၊<br>အမျိုးသားလွှတ်တော်<br>ရွေးကောက်ပွဲဥပဒေ ပုဒ်မ- ၄၈ | ရွေးကောက်ပွဲ စနစ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ရှင်းလင်းစွာ ပြဋ္ဌာန်း ထားခြင်းမရှိပါ။ မဲဆန္ဒနယ် တစ်နယ်တွင် မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းသည် အနိုင်ရရှိသူ ဖြစ်သည်ဟု ရွေးကောက်ပွဲ ဥပဒေတွင် ဖော်ပြထားသည်။ |

| | |
|---|---|
| စ- သမ္မတရွေးချယ်ခြင်း ဥပဒေမူဘောင်- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉၊ ၆၄၊ သမ္မတရွေးကောက်ခြင်းဥပဒေ- ၄၊ ၅၊ သမ္မတ ရွေးကောက်ခြင်း နည်းဥပဒေ- အခန်း ၂၊ ၄ | ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များက သမ္မတကို ရွေးကောက်တင်မြှောက်ရမည်။ (က) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ရွေးချယ်သူ တစ်ဦး၊ (ခ)ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ရွေးချယ်သူတစ်ဦး၊ (ဂ) လွှတ်တော်နှစ်ရပ်အတွက် ကာကွယ်ရေးဦးစီးချုပ်က အဆိုပြုထားသည့် တပ်မတော်သား ကိုယ်စားလှယ်များက ရွေးချယ်သူတစ်ဦးစသည့် သုံးဦး အနက်မှ ရွေးချယ်တင်မြှောက်ရမည်။ အဖွဲ့အသီးသီးက ဒုသမ္မတ တစ်ဦးစီးရွေးချယ်ရမည်။ (ထိုသူသည် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉ တွင် ပြဋ္ဌာန်းထားသည့် အရည်အချင်းများနှင့်ကိုက်ညီရမည်။) ထိုနောက် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က သမ္မတကို ရွေးချယ်ပြီး ကျန်နှစ်ဦးသည် ဒုသမ္မတများဖြစ်လာကြမည်ဖြစ်သည်။ သမ္မတနှင့် ဒုသမ္မတများ၏ လွှတ်တော်ကိုယ်စားလှယ်နေရာများသည် လစ်လပ်သွားမည်ဖြစ်ပြီး ယင်းသက်တမ်းအတွင် ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရပေ။ |

# သမ္မတရွေးကောက်ခြင်း

သမ္မတ။ သုံးဦးအနက်မှာမဲအများဆုံးရသောသူ*
ဒုတိယသမ္မတများ ။ တစ်ခြားသမ္မတလောင်းနှစ်ဦး

↑

သမ္မတလောင်းသုံးဦးရွေးကောက်ခြင်းကို အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်တို့ဖြင့်ဖွဲ့စည်းထားသော
ပြည်ထောင်စုလွှတ်တော်တွင် ပြုလုပ်သည်။

သမ္မတလောင်း ၁ ↑ | သမ္မတလောင်း ၂ ↑ | သမ္မတလောင်း ၃ ↑

သမ္မတလောင်း
အမျိုးသားလွှတ်တော်
ရွေးကောက်ခံအမျိုးသားလွှတ်တော်
ကိုယ်စားလှယ်
၁၆၂ ဦးက ရွေးချယ်

သမ္မတလောင်း
ပြည်သူ့လွှတ်တော်
ရွေးကောက်ခံပြည်သူ့လွှတ်တော်
လွှတ်တော်ကိုယ်စားလှယ်
၃၃၀ ဦးက ရွေးချယ်

သမ္မလောင်း
တပ်မတော်သားကိုစားလှယ်
၁၆၆ ဦးကရွေးချယ်

တိုက်ရိုက်ရွေးကောက်ခြင်းမဟုတ်။
ရွေးကောက်ခြင်းကိုပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌကစီမံခန့်ခွဲသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
ကိုအထွေထွေရွေးကောက်ပွဲတွင်မဲဆန္ဒရှင်
များကရွေးချယ်တင်မြှောက်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို
အထွေထွေရွေးကောက်ပွဲတွင်မဲဆန္ဒရှင်
များကရွေးချယ်တင်မြှောက်သည်။

ကာကွယ်ရေးဦးစီးချုပ်ကတပ်မတော်မျ
သားကိုယ်စားလှယ်များကိုအမျိုးသား
လွှတ်တော်နှင့်ပြည်သူ့လွှတ်တော်အတွက်
ရွေးချယ်တင်မြှောက်သည်

တိုက်ရိုက်ရွေးကောက်ပွဲ
ရွေးကောက်ပွဲစီမံခန့်ခွဲမှု-
ပြည်ထောင်စုရွေးကောကပွဲကော်မရှင်

*မဲရလဒ်တူနေပါက ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက မဲရေတွက်မှုကို ပြန်လည်လုပ်ဆောင်မည်။ မဲအများဆုံးအနိုင်ရသည့် သမ္မတလောင်းတစ်ဦးဦးထွက်ပေါ်မလာပါက မဲပေးရွေးချယ်မှုကို ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပြီး အုပ်စုသုံးစုမှ သမ္မတလောင်းတစ်ဦးဦးကို ပြန်လည်ရွေးချယ်ပေးရမည်ဖြစ်သည်။

# မဲဆန္ဒရှင်များ စာရင်းသွင်းခြင်း

<table>
<tr>
<td>က- မဲပေးပိုင်ခွင့်ရှိသူများ<br>ဥပဒေမူဘောင် - ဖွဲ့စည်းပုံ<br>အခြေခံဥပဒေ ပုဒ်မ- ၃၆၉<br>(က)၊၃၉၁၊ ၃၉၂<br>ရွေးကောက်ပွဲ ဥပဒေများ ၆၊ ၇</td>
<td>မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက်၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲ ပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ သို့သော် အချို့သော ချွင်းချက်များရှိသည်။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ<br>• သာသနာ့ဝန်ထမ်းများ<br>• ထောင်ဒဏ်ကျခံနေရသူများ<br>• စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူများ<br>• လူမွဲအဖြစ် ဆုံးဖြတ် ကြေညာခြင်း ခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ<br>• ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေအရ တားမြစ်ခံရသူများ</td>
</tr>
<tr>
<td>ခ- မဲစာရင်းသွင်းခြင်းလုပ်ငန်းစဉ်<br>ဥပဒေမူဘောင် -<br>ရွေးကောက်ပွဲဥပဒေများ- ၆၊ ၁၃၊ ၁၄၊ ၁၅၊ နည်းဥပဒေများ- ၉၊ ၁၁၊ ၁၂၊ ၁၃</td>
<td>ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင် အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကောက်မရှင် အဖွဲ့ခွဲတို့က ပြုစုရမည်။ တပ်မတော်သားများ၊ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် အိမ်ထောင်စုဝင်များ၊ ပညာတော်သင်များနှင့် အိမ်ထောင်စုဝင်များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် အိမ်ထောင်စုဝင်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲက သတ်မှတ်ထားသည့်အတိုင်း သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်း ဖော်ပြရမည်။ မဲစာရင်းတွင် မပါဝင်သူများအတွက် ၎င်းတို့အမည်များအား မဲစာရင်းတွင် ထည့်သွင်းနိုရန် ဥပဒေများ ပြဋ္ဌာန်းထားပေးသည်။ သို့သော် မဲဆန္ဒရှင်များအနေနှင့် မဲစာရင်းတွင် ထည့်သွင်းရန်အတွက် ကိုယ်တိုင်လုပ်ဆောင်ရမည်ဖြစ်ပြီး မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲများတွင် မဲဆန္ဒရှင်အမည် ထည့်သွင်းခြင်း ပုံစံ(၃) နှင့် အမှားပြင်ဆင်ခြင်း ပုံစံ(၄-ဂ) သို့မဟုတ် ပယ်ဖျက်ခြင်း ပုံစံ (၄-က) များ တောင်းယူဖြည့်စွက်၍ တင်သွင်းရမည်။ ၎င်းပုံစံများကို မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ မြို့နယ် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲများသို့ အထောက်အထားစာရွက်စာတမ်းများဖြင့် တင်သွင်းရမည်။ ရပ်/ကျေး ကော်မရှင်က ၇ ရက်အတွင်းဆုံးဖြတ် ပေးရမည်။ မဲစာရင်းတွင်ပါရှိသော အခြားသူ၏ အမည်များကိုလည်း ပယ်ဖျက်ပေးရန်ကန့်ကွက်နိုင်သည်ဟု ဥပဒေတွင်ပါရှိသည်။<br><br>မသန်စွမ်းသူတစ်ဦး သို့မဟုတ် မဲစာရင်းကို မည်ကဲ့သို့ တောင်းဆိုဖြည့်စွက်ရမည်၊ ပြင်ဆင်ရမည် သို့မဟုတ် ကန့်ကွက်ရမည်ကို မသိသော ပုဂ္ဂိုလ် တစ်ဦးဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်ခွဲ အဖွဲ့ဝင်တစ်ဦးဦးမှ ကူညီပေးနိုင်သည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် သုံးရက်အတွင်း သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်သည်။</td>
</tr>
</table>

| | |
|---|---|
| ဂ- ပွင့်လင်းမြင်သာမှုနှင့် ကာကွယ်စောင့်ရှောက်ခြင်း<br>ဥပဒေမူဘောင် -<br>လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ- ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁။<br>နည်းဥပဒေများ ပုဒ်မ- ၁၆၊ ၁၇<br>ယူအီးစီ (၂၂/၂၀၁၅) | သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို ရွေးကောက်ပွဲမတိုင်မီ သတ်မှတ်ထားသည့် အတိုင်း ကြိုတင်ကြေညာရမည်။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် ၎င်းတို့အမည်များ ထည့်သွင်းခြင်း နှင့် အမှားပြင်ဆင်ခြင်းများကို တောင်းဆိုဆောင်ရွက်နိုင်သည်။ ထို့ပြင် မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့် မရှိသူ တစ်ဦး၏ အမည်ပါဝင်နေကြောင်း ယင်းမဲစာရင်း၌ ပါဝင်သူတစ်ဦးက ကန့်ကွက်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်သည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ယင်းအမည်ကို မဲစာရင်းမှ ပယ်ဖျက်ပေးခြင်း မရှိခဲ့လျှင် သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်မှ တပါး အပြီးအပြတ်ဖြစ်စေရမည်။ ကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲ အသီးသီးတို့သည် မဲစာရင်းပြုစုရာတွင် (က) မဲစာရင်းတွင် ပါဝင်ခွင့်ရှိလျက်နှင့် ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိလျှင် ထိုအမည်များကို နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းရမည်။ (ခ) မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်။ လွှတ်တော်သက်တမ်း တစ်ခုအတွင်း မဲဆန္ဒနယ် တစ်နယ်၌ အကြောင်း တစ်စုံတစ်ရာကြောင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ရှိလျှင် မူလမဲစာရင်းကို အခြေခံ၍ ကြေညာခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း နှင့် ပြင်ဆင်ခြင်းတို့ကို ပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့တွင် ပြဋ္ဌာန်း ထားသည့်အတိုင်း ဆောင်ရွက်ရမည်။<br><br>ထို့နောက်တွင် မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မဲရုံနံပါတ်၊ မဲစာရင်းနံပါတ်၊ အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်နံပါတ်၊ အဖအမည်၊ အမိအမည်နှင့် လိပ်စာတို့ပါဝင်သည့် မဲစလစ်ကို ယူအီးစီကထုတ်ပေးသည်။ စလစ်ကို မဲဆန္ဒရှင်များက မဲပေးသည့်နေ့တွင် အသုံးပြုနိုင်သော်လည်း မဲစာရင်းတွင် မပါဝင်သည့် မဲဆန္ဒရှင်များအတွက်မူ မည်သို့မျှ အကျိုးမဖြစ်ပေ။ |
| ဃ - မဲဆန္ဒရှင်စာရင်းသွင်းမှုနှင့် ပတ်သက်ပြီး တိုင်ကြားမှုများနှင့် အယူခံမှုများ<br>ဥပဒေမူဘောင် -<br>လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ- ၁၆၊ ၁၇၊<br>နည်းဥပဒေ ပုဒ်မ- ၁၁၊ ၁၂ | အကယ်၍ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ တစ်ဦးသည် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိ၏အမည်ပါဝင်ခြင်း မရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ ကော်မရှင်ခွဲသို့ မိမိ၏ အမည်ကို ထည့်သွင်းပေးရန် သတ်မှတ်ထားသည့်အတိုင်း တောင်းဆိုလွှာကို မဲစာရင်း ကြေညာပြီး ၁၄ ရက်အတွင်း တင်သွင်းနိုင်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် တောင်းဆိုလွှာကို လက်ခံလျှင်ဖြစ်စေ သို့မဟုတ် ငြင်းပယ်လျှင်ဖြစ်စေ ယင်းသို့လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ဖြစ်ကြောင်းကို တောင်းဆိုလွှာ တင်သွင်းသူထံသို့ တောင်းဆိုလွှာ တင်သွင်းသည့်နေ့မှ ခုနစ်ရက်အတွင်း အကြောင်းကြားစာ ပေးပို့ရမည်။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေ (ခ) အရ ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ စ၍ သုံးရက်အတွင်း သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ အယူခံနိုင်သည်။ မဲစာရင်းနှင့် ပက်သက်၍ ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို ရယူရန် အယူခံတင်သွင်းခြင်းသည် အခမဲ့ ဖြစ်သည်။ |

# ထိခိုက်လွယ်သောအုပ်စုများ

| | |
|---|---|
| ဥပဒေမူဘောင် - ၂၀၀၈ဖွဲ့စည်းအခြေခံဥပဒေ နိဒါန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ- ၂၂၊ အခန်း (၈) ပုဒ်မ- ၃၄၈၊ ၃၄၇၊ ၃၅၀၊ ၄၅၆၊ | ထိခိုက်လွယ်သော အုပ်စုများဖြစ်ကြသော အမျိုးသမီးများ၊ မသန်စွမ်းများနှင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများ၏ အခွင့်အရေးကို ကာကွယ်ပေးသော ဥပဒေများသည် အနည်းအကျဉ်းသာရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ခွဲခြားဆက်ဆံမှု မရှိရေးနှင့် တန်းတူညီမျှ အခွင့်အရေးများကို အခြေခံမူများတွင် ပြဋ္ဌာန်းထားသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာဥပဒေမှအပ ထိခိုက်လွယ်သော အုပ်စုများအား ခွဲခြားဆက်ဆံခြင်း ကို ကာကွယ်ပေးသည့် အခြားပြဆိုထားသော ဥပဒေများ မရှိပါ။ ရွေးကောက်ပွဲဥပဒေမူဘောင်တွင် ထိခိုက်လွယ်သည့် အုပ်စုများ နိုင်ငံရေးအရ ပါဝင်မှုကို မြှင့်တင်ပေးသည့် သို့မဟုတ် ခွဲခြားဆက်ဆံမှု မရှိသည့် ဥပဒေပြဋ္ဌာန်းချက်များ မပါရှိပါ။ |
| က- အမျိုးသမီးများ ဥပဒေမူဘောင်- အခန်း(၁၀)<br>ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ။ ။၅၁(ခ)၊ CEDAW အပိုဒ် ၇ (၁၉၉၇ တွင် လက်မှတ်ရေးထိုး) | အမျိုးသမီးအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူညီချက် စာချုပ်(စီဒေါ) ကို ၁၉၉၇ တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် စာချုပ်အဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့သည်။ စီဒေါ စာချုပ် - အပိုဒ်- ၇ တွင်  စာချုပ်ဝင် နိုင်ငံများသည် နိုင်ငံတွင်းတွင် နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများအား ခွဲခြားမှု ပပျောက်ရန်အတွက် သင့်လျော်သည့် နည်းလမ်းမျိုးစုံဖြင့် အရေးယူဆောင်ရွက်ရမည်။ အထူးသဖြင့် အမျိုးသားများနှင့် တန်းတူညီမျှစွာ အမျိုးသမီးများအနေဖြင့် (က) ရွေးကောက်ပွဲ နှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရေးနှင့် အများပြည်သူရွေးချယ်တင်မြှောက်သည့် အဖွဲ့အစည်းများတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိရေး၊ (ခ) အစိုးရမူဝါဒများ ချမှတ်ချင်းနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတွင် ပါဝင်ရေး၊ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်ရေးနှင့် အစိုးရဌာန အဆင့်တိုင်းတွင် ပြည်သူ့လုပ်ငန်းတာဝန်အားလုံး ဆောင်ရွက်ရေး၊ (ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတွင်း ပြည်သူလူထုနှင့် နိုင်ငံရေးနှင့် ပက်သက်သည့် အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရေး စသည့် အခွင့်အရေးများအတွက် အာမခံချက် ရှိစေရန် ဆောင်ရွက်ရမည်။<br>ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွဲခြားဆက်ဆံမှုအား ရှင်းလင်းစွာ တားမြစ်ထားသော်လည်း တန်းတူညီမျှ အတွက် ဥပဒေပြဋ္ဌာန်းထားခြင်းမရှိပါ။ ဥပဒေမူဘောင်သည် အမျိုးသမီးများအတွက် ကိုယ်စားလှယ်လောင်းဖြစ်စေ၊ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်ဖြစ်စေ အနည်းဆုံးအချိုးကျပါဝင်မှုအတွက် အာမခံသော ဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိပါ။ |

| | |
|---|---|
| ခ- မသန်စွမ်းသူများ ဥပဒေမူဘောင်- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၊ ရွေးကောက်ပွဲနည်းဥပဒေ ၂၊ ၁၈၊ ပုဒ်မ ၄၂-ခ၊ CRPD ၂၉ (၂၀၁၁ တွင် လက်မှတ်ရေးထိုး) မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ ဥပဒေ (၂၀၁၅ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၀) ပုဒ်မ- ၂၉၊ ၃၀၊ ၃၁ (က) | မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (CRPD) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၁ တွင် လက်မှတ်ရေးထိုးခဲ့သည်။ CRPD ပုဒ်မ ၂၉ အရ မသန်စွမ်းသူ များသည် မသန်စွမ်းသူများမဲပေးခြင်းနှင့် ရွေးကောက်ခံခြင်း အခွင့်အရေးများနှင့် အခွင့်အလမ်းများ အပါအဝင် အခြားသူများနှင့်တန်းတူ တိုက်ရိုက် သို့မဟုတ် လွတ်လပ်စွာရွေးချယ်တင်မြှောက်မှုစ သည့် နိုင်ငံရေးနှင့် အများပြည်သူနှင့်ဆိုင်သည့် လုပ်ငန်းများတွင် ထိထိရောက်ရောက်နှင့် ပြည့်ပြည့် ဝဝပါဝင်ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်က (၁) မဲပေးခြင်းလုပ်ငန်းစဉ်များ၊ နေရာထိုင်ခင်းများနှင့် ပစ္စည်းကိရိယာများကို မသန်စွမ်းသူများသင့်လျော်စွာ အလွယ်တကူအသုံးပြုနိုင်ပြီး အလွယ်အတူ လက်လှမ်းမီသုံးပြုနိုင် စေရန်၊ (၂) ရွေးကောက်ပွဲများနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် အကြပ်ကိုင် ခြိမ်းခြောက်မှုကင်းကင်းဖြင့် လျှို့ဝှက်စွာမဲပေး နိုင်စေရန်၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင် စေရန်၊ အစိုးရဌာနအဆင့်တိုင်းတွင် အများပြည်သူဆိုင်ရာလုပ်ငန်းများ အားလုံးတွင် ထိထိ ရောက်ရောက် ရာထူးရယူတာဝန်ထမ်းဆောင်နိုင်စေရန် ရနိုင်သလောက် အကူအညီများနှင့် နည်း ပညာသစ်များကိုအသုံးပြုပြီး မသန်စွမ်းသူများအခွင့်အရေးကို အကာအကွယ်ပေးရန်၊ (၃) မဲပေးသူ များအနေဖြင့် မသန် စွမ်းသူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အာမခံပြီး လိုအပ်လာလျှင် ၎င်းတို့၏ တောင်းဆိုမှုဖြင့် ၎င်းတို့ရွေး ချယ်မှုအား တစ်ဦးတစ်ယောက်က မဲပေးစေခြင်းဖြင့် အကူ အညီပေးရန်တို့ကို နိုင်ငံတော်က ဆောင်ရွက်ပေးရမည်ဟု ပါရှိသည်။ ထို့ပြင် မသန်စွမ်းသူများ အနေဖြင့် အခြားသူများနှင့်တန်းတူ ခွဲခြားဆက်ဆံမှုမရှိဘဲ အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ထိထိရောက်ရောက်နှင့် ပြည့်ပြည့်ဝဝပါဝင်ဆောင်ရွက်နိုင်စေရန် ပတ်ဝန်းကျင်တစ်ရပ်ကို တက်တက် ကြွကြွဖန်တီးပေးရန်နှင့် ပြည်သူ့ရေးရာလုပ်ငန်းများတွင် ၎င်းတို့ပါဝင်ဆောင်ရွက်အောင် တိုက်တွန်းအားပေးရမည်ဖြစ်သည်။<br><br>မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၅ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၃၀) ကို ၂၀၁၅ ဖွန်လတွင် ပြဌာန်းခဲ့ပြီး ယင်းဥပဒေတွင် မသန်စွမ်းသူများမဲပေးခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပါရှိသည်။ မသန်စွမ်းသူများ၏ မဲပေး ပိုင်ခွင့်နှင့် မွေးရာပါအခွင့်အရေးဖြစ်သော တန်းတူညီမျှခွင့်ကိုဆောင်ရွက်ပေးရန် ယူအီးစီက လိုက်နာရမည့်အချက်များကိုလည်း ပြဌာန်းထားသည်။<br><br>ရွေးကောက်ပွဲနည်းဥပဒေများတွင်  ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းစဉ် များ၌ မသန်စွမ်းသူများနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြထားသည်။ မသန်စွမ်း မဲဆန္ဒရှင်များ အတွက် ဆန္ဒမဲပေးနိုင်ရန် ကူညီပေးရမည်ဟုလည်း ပြဌာန်းထားသည်။ မသန်စွမ်း မဲဆန္ဒရှင်များ အား ဆန္ဒမဲပေးရာတွင် ကူညီနိုင်ရန် အကူအညီကို ရယူ၍ ဆန္ဒမဲပေးနိုင်သည်။ မသန်စွမ်း မဲဆန္ဒ ရှင်များသည် ကြိုတင်ဆန္ဒမဲပေးခြင်းကို လည်း ဤကဲ့သို့ အကူအညီရယူ၍ ဆန္ဒမဲပေးနိုင်သည်။ |
| ဂ-လူနည်းစုများ ဥပဒေမူဘောင်- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ- ၃၅၄(ဂ)၊ ပြည်နယ်/တိုင်းဒေသကြီး ရွေးကောက်ပွဲဥပဒေ- ပုဒ်မ ၃ | အခွင့်အရေး အများစုသည် နိုင်ငံသားများကိုသာ အာမခံထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူနည်းစုများ၏ ဘာသာစကားများကို ကာကွယ်ပေးမည် ပြဌာန်းထားသည်။ တိုင်းရင်းသားများ ၏လူဦးရေသည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ (၀.၁ %) ရှိလျှင် ယင်းတို့၏ ကိုယ်စားလှယ် သို့မဟုတ် တိုင်းရင်းသားရေးရာ ဝန်ကြီး အဖြစ် သက်ဆိုင်ရာ တိုင်းဒေသ သို့မဟုတ် ပြည်နယ် လွှတ်တော် အတွက် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ ပြည်ထောင်စုအဆင့်တွင် ဤကဲ့သို့ သော သတ်မှတ်ပေးထားသည့် ကိုယ်စားလှယ်များ ပြဌာန်းထားခြင်းမရှိပါ။ ဥပမာ - တိုင်းရင်းသား များ တွက် သတ်မှတ်ထားသည့် ရွေးကောက်ခံ ကိုယ်စားလှယ်များ။ |

# နိုင်ငံရေးပါတီများ

| | |
|---|---|
| က- ပါတီထူထောင်ခွင့်<br>ဥပဒေမူဘောင်- အခြေခံဥပဒေပုဒ်မ ၃၅၄၊ နိုင်ငံရေးပါတီဥပဒေ ပုဒ်မ ၄၊ ၁၀ | နိုင်ငံရေးပါတီတစ်ခုတွင် အဖွဲ့ဝင်ဖြစ်ခွင့်သည် မူအားဖြင့် နိုင်ငံရေးပါတီဝင်အဖြစ် နှင့်/သို့မဟုတ် နိုင်ငံရေးပါတီလုပ်ငန်း ဆောင်ရွက်ချက်များကို ဆိုင်းငံ့ထားရန်လိုအပ်သော နိုင်ငံ့ဝန်ထမ်းများမှ လွဲ၍ နိုင်ငံသားအားလုံးသို့ ပေးအပ်ထားသော အခွင့်အရေးဖြစ်သည်။<br>မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီအားလုံးသည် မှတ်ပုံတင်ထားရှိရန် လိုအပ်ပြီး မှတ်ပုံတင်မထားသော နိုင်ငံရေးအဖွဲ့အစည်းမှန်သမျှကို တားမြစ်ထားသည်။<br>အောက်ဖော်ပြပါပုဂ္ဂိုလ်များမှလွဲ၍ အသက် ၂၅ နှစ်အထက်ရှိသော နိုင်ငံသားများတွင်သာ နိုင်ငံရေးပါတီ တစ်ခုကို မှတ်ပုံတင်နိုင်သော အခွင့်အရေးရှိသည်။ (ပါတီဝင်ဖြစ်ရန်အတွက် အနိမ့်ဆုံးသတ်မှတ်ချက်မှာ အသက် ၁၈ နှစ်ပြည့်ရမည်ဖြစ်သည်)။<br>• သာသနာ့ဝန်ထမ်းများ<br>• နိုင်ငံ့ဝန်ထမ်းများ<br>• ပြစ်ဒဏ်ကျခံနေရသူများ (ထောင်ဒဏ်ကျခံနေရသူများ)<br>• နိုင်ငံတော်အားလက်နက်စွဲကိုင်တော်လှန်ပုန်ကန်နေသော အဖွဲ့အစည်းများ၊<br>• အကြမ်းဖက်အဖွဲ့အစည်းများ၊ တရားမဝင် အဖွဲ့အစည်းများနှင့် ဆက်သွယ်သူ သို့မဟုတ်<br>• ယင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဖြစ်သူ<br>• မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်<br>• ငြိစွန်းနေသူ<br>• နိုင်ငံနှစ်ခုတွင် နိုင်ငံသားအဖြစ်ခံယူထားသူများ<br>• နိုင်ငံခြားသားများ |
| ခ- ပါတီတစ်ခုထူထောင်ရန် လိုအပ်ချက်များ ဥပဒေမူဘောင်- ဖွဲ့စည်းပုံအခြေခံဥပဒေ- ပုဒ်မ ၄၀၄၊ ၄၀၅၊<br>နိုင်ငံရေးပါတီဥပဒေ- ပုဒ်မ ၆ | နိုင်ငံရေးပါတီများသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" တို့ကို ဦးတည်ချက်ထားရှိရမည်။ ယင်းတို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေ၍ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော" ဒီမိုကရေစီ စနစ်ကို လက်ခံကျင့်သုံးရမည်။ |
| ဂ- ပါတီဝင်များအတွက် ကန့်သတ်ချက်များ<br><br>ဥပဒေမူဘောင်- အခြေခံဥပဒေပုဒ်မ ၂၆၊ ၆၄၊ ၂၃၂၊ ၂၃၄၊ ၂၃၇၊ ၂၃၉၊ ၂၄၂၊ ၂၄၄၊ ၂၄၆၊ ၂၈၅၊ ၃၀၀၊ ၃၀၁၊ ၃၀၉၊ ၃၁၀၊ ၃၃၀၊ ၃၃၃၊ ၃၉၈။<br>နိုင်ငံရေးပါတီဥပဒေပုဒ်မ ၂၁ | အောက်တွင်ဖော်ပြထားသော တာဝန်ရှိသူများသည် နိုင်ငံရေးပါတီဝင် မဖြစ်စေရ။ ·<br>• နိုင်ငံဝန်ထမ်းများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ<br>• သမ္မတ နှင့် ဒုသမ္မတများ<br>• ပြည်ထောင်စုဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများ<br>• ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်<br>• စာရင်းစစ်ချုပ်<br>• နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ<br>• ပြည်ထောင်စု၊ ပြည်နယ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော်များ၊<br>• အခြေခံဥပဒေဆိုင်ရာခုံရုံးများမှ တရားသူကြီးများ<br>• ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်<br>အထက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် နိုင်ငံရေးပါတီတစ်ခုတွင်သာ မှတ်ပုံတင်ထားသောအဖွဲ့ဝင် ဖြစ်နိုင်သည်။ |

| | |
|---|---|
| ဃ- နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း<br><br>ဥပဒေမူဘောင်-<br>ဖွဲ့စည်းပုံအခြေခံဥပဒေ-<br>ပုဒ်မ ၄၀၅၊<br>နိုင်ငံရေးပါတီဥပဒေပုဒ်မ- ၃၊ ၅၊ ၆၊ ၈၊<br>နိုင်ငံရေးပါတီနည်းဥပဒေ ပုဒ်မ- ၇ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် နိုင်ငံရေးပါတီများကို မှတ်ပုံတင်ပေးရန် လုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်း ဖြစ်သည်။ UEC သည် နိုင်ငံရေးပါတီများကို မှတ်ပုံတင်ပေးရန်၊ မှတ်ပုံတင်ခြင်းကို ငြင်းပယ်ရန် သို့မဟုတ် ဆိုင်းငံ့ရန် သို့မဟုတ် ပယ်ဖျက်ရန် တာဝန်ဝတ္တရားရှိသော တစ်ခုတည်းသောအဖွဲ့အစည်း ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ရာတွင် အယူခံဝင်ခွင့်မရှိစေဘဲ ဆောင်ရွက်နိုင်သည်။ နိုင်ငံရေးပါတီတစ်ခု မှတ်ပုံတင်ရန် လျှောက်ထားခြင်းကို ယင်းပါတီကို စတင်တည်ထောင်သူများအနက်မှ အနည်းဆုံး ၁၅ ဦးက ထောက်ခံပြီး ယင်းတို့အနက်မှ ခန့်အပ်ထားသော ပါတီခေါင်းဆောင်တစ်ဦး၊ ပါတီဒုတိယခေါင်းဆောင်တစ်ဦး ပါရှိရမည်။<br><br>ပါတီမှတ်ပုံတင်လျှောက်ရာတွင် ပုံစံ (က)နှင့်အတူ<br>• မှတ်ပုံတင်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ၊ တံဆိပ်တို့မှ ကွဲပြားခြားနားသော ပါတီအမည်၊ အလံ နှင့် တံဆိပ် (ဘာသာသာသနာနှင့် ယှက်နွယ်သော၊ ပြည်ထောင်စုမှခွဲထွက်ခြင်းနှင့် စပ်ဆိုင်သော အမည်၊ အမှတ်အသား၊ သင်္ကေတများကို ရှောင်ရှား၍)<br>• နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်<br>• ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ<br>• ပါတီတည်ထောင်သူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေး ကဒ်ပြားအမှတ်<br>• ဝါဒသဘောတရားရေးရာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ မူဘောင်ကို စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်<br>• ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက် (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ၅၀၀)<br>• ကော်မရှင်မှသတ်မှတ်ပြဋ္ဌာန်းထားသည်နှင့် အညီ မှတ်ပုံတင်ကြေး ၃၀၀,၀၀၀ ကျပ်ကို ပုံစံ (င)နှင့်အတူ ပေးအပ်ရန်<br><br>ယခင်ကပြဋ္ဌာန်းခဲ့သော ဥပဒေများအရ မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများ ပြန်လည်လျှောက်ထားရန်နှင့် ဥပဒေအသစ်နှင့် ညီညွတ်မှုရှိစေရန် ရက်ပေါင်း ၆၀ ခွင့်ပြုထားသည်။ |

| | |
|---|---|
| င- ပါတီမှတ်ပုံပယ်ဖျက်ခြင်း သို့မဟုတ် ပါတီဖျက်သိမ်းခြင်းအတွက် အခြေခံအချက်များ<br><br>ဥပဒေမူဘောင် အခြေခံဥပဒေပုဒ်မ ၄၀၂၊ ၄၀၇၊ ၄၀၈၊ နိုင်ငံရေးပါတီများဥပဒေပုဒ်မ ၇၊ ၁၀၊ ၁၂၊ နိုင်ငံရေးပါတီများနည်းဥပဒေပုဒ်မ ၁၄၊ ၁၅ | လျှောက်လွှာကို စိစစ်ပြီးနောက် အကယ်၍ မှတ်ပုံတင်ခြင်းကို လက်ခံလျှင် ပုံစံ (၁) ဖြင့်လည်းကောင်း၊ မှတ်ပုံတင်ခြင်းကို ငြင်းပယ်လျှင် ပုံစံ (ဂ) ဖြင့်လည်းကောင်း ကော်မရှင်သည်အကြောင်းပြန်ကြားရမည်။ အောက်ပါအချက်အလက်များနှင့် ငြိစွန်းပါက အဖွဲ့အစည်းများ၊ ပါတီများ မှတ်ပုံတင်ခြင်းကို ငြင်းပယ် သို့မဟုတ် ပယ်ဖျက်လိမ့်မည်။<br>• နိုင်ငံတော်အားလက်နက်ကိုင်ဆန့်ကျင်သောအဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ မတရားအသင်းအဖြစ် ကြေငြာထားခြင်း ခံရသောအဖွဲ့အစည်းများတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပါဝင်ပတ်သက်ခြင်း၊ ဆက်သွယ်ခြင်း။<br>• · နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူခြင်း။<br>• နိုင်ငံတော်ထံမှ အရင်းအမြစ်များ အလွဲသုံးခြင်း/ တရားမဝင်အသုံးပြုခြင်း<br>• ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုခြင်း။<br>• တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခံထားရသော အဖွဲ့အစည်းဖြစ်ခြင်း။<br>• အထွေထွေရွေးကောက်ပွဲ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲများ တွင် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း။<br>• ဥပဒေနှင့်ကိုက်ညီခြင်းမရှိသော ပုဂ္ဂိုလ်များကို ပါတီဝင်စာရင်းမှ ထုတ်ပယ်ခြင်းမပြုဘဲ<br>• ထိန်ချန်ထားရှိခြင်း။ ပါတီတစ်ခုသည် အကယ်၍ အနည်းဆုံး မဲဆန္ဒနယ်သုံးခုတွင် ရွေးကောက်ပွဲကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်လျှင် ယင်းပါတီ၏ မှတ်ပုံတင်ထားခြင်းကို ဖျက်သိမ်းမည်။ |
| စ- နိုင်ငံရေးပါတီများ လိုက်နာရန်အချက်များ<br><br>ဥပဒေမူဘောင်- နိုင်ငံရေးပါတီဥပဒေပုဒ်မ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၂၃၊ ၂၄။ နိုင်ငံရေးပါတီများနည်းဥပဒေပုဒ်မ ၁၈။ ပြည်နယ်/ တိုင်းဒေသကြီးကော်မရှင် လုပ်ငန်းလမ်းညွှန် ၃၉-၄၁ | နိုင်ငံရေးပါတီများသည် ပါတီဝင်စာရင်းများကို UEC သို့ တင်ပြရန် တာဝန်ရှိသည်။ ငွေစာရင်းရှင်းတမ်းလိုအပ်ချက်များတွင် ကောက်ခံရရှိငွေ များ၊ အလှူငွေများနှင့် ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ အမြတ်ငွေများကို နှစ်စဉ်အစီရင်ခံတင်ပြခြင်း ပါဝင်သည်။ UEC သည် မည်သည့်အချိန်တွင် မဆို ပါတီတစ်ခု၏စာရင်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်။ ယင်းသို့ စစ်ဆေးရာတွင် နိုင်ငံတော်အဖွဲ့အစည်း များထံမှ အကူအညီကို ရယူနိုင်သည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် ညီညွတ်စေရန် အတွက် နိုင်ငံရေးပါတီများကို ကြီးကြပ်ရန် ကော်မရှင်အဆင့်အသီးသီးတွင် အခွင့်နှင့် တာဝန်ရှိ သည်။<br><br>အထူးအားဖြင့် ဥပဒေကို နိုင်ငံရေးပါတီများ လေးစားလိုက်နာ ဆောင်ရွက်မှုရှိမရှိ စောင့်ကြည့်ရန် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ကော်မရှင်ခွဲများကို UEC က တာဝန်ပေးနိုင်သည်။ ထို့အပြင် ပါတီတစ်ခုသည် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို အချိန်မရွေး စစ်ဆေးပိုင်ခွင့် UEC တွင် ရှိသည်။ ပါတီ၏ အတွင်းရေးကိစ္စများနှင့် စပ်လျဉ်း၍ တိုင်ကြားလာပါက UEC သည် စုံစမ်းစစ်ဆေးမှုပြုနိုင်သည်။ လိုအပ်လျှင် ဥပဒေနှင့်အညီလိုက်နာ ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ထားရှိခြင်းကို ရုတ်သိမ်းခြင်းများအတွက် UEC ၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်ပြီး အယူခံဝင်ပိုင်ခွင့်မရှိပေ။ |

| | |
|---|---|
| ဆ- နိုင်ငံရေးပါတီများ၏ ဘဏ္ဍာရေး<br><br>ဥပဒေမူဘောင် -<br>နိုင်ငံရေးပါတီများဥပဒေ အခန်း (၄)၊ နိုင်ငံရေးပါတီများနည်းဥပဒေ ၁၉-၂၃ | နိုင်ငံရေးပါတီများသည် နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလ အတွင်း ပြီးပြတ်အောင် ပြင်ဆင်ထားရန် လိုအပ်သည်။ အကယ်၍ လိုအပ်လာခဲ့လျှင် (ဥပမာ- နိုင်ငံရေးပါတီတစ်ခုကို တိုင်ကြားမှုရှိလာသောအခါ) အဆိုပါ ငွေစာရင်းရှင်းတမ်းများကို စစ်ဆေးရန် UEC တွင် အခွင့်ရှိသည် သို့မဟုတ် စစ်ဆေးရန် သင့်လျော်သော ကော်မရှင်ခွဲကို ညွှန်ကြားနိုင်သည်။<br><br>ပါတီနှစ်စဉ်စာရင်းစာအုပ်များတွင် အောက်ပါတို့ ပါဝင်ရမည်-<br><br>• ပါတီ ပိုင်ဆိုင်သော၊ ဝယ်ယူထားသော ရွှေ့ပြောင်းနိုင်သည့်၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများစာရင်း<br>• ပါတီဝင်များထံမှ ကောက်ယူရရှိသော ပါတီဝင်ကြေး၊ လစဉ်ကြေးများ စာရင်း<br>• ပြည်တွင်းရှိ နိုင်ငံသားများက ပါတီသို့ထည့်ဝင်လှူဒါန်းသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများစာရင်း<br>• မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ကုမ္ပဏီအစုအဖွဲ့များက ပါတီသို့ထည့်ဝင် လှူဒါန်းသော ငွေကြေး သို့မဟုတ် ပစ္စည်းစာရင်း<br>• နိုင်ငံရေးပါတီ ပိုင်ဆိုင်သော၊ ဝယ်ယူထားသော ပစ္စည်းများ<br>• ပါတီ၏လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲအသုံးစရိတ်များ<br>• ရွေးကောက်ပွဲအသုံးစရိတ်များအပါအဝင်ပါတီ၏အသုံးစရိတ်များ<br>• ပါတီပိုင်ဆိုင်သောစီးပွားရေးလုပ်ငန်းများမှ ရရှိသော ငွေကြေး သို့မဟုတ် အကျိုးအမြတ်များ |

# မဲဆွယ်စည်းရုံးရေး အသုံးစရိတ်များ

| | |
|---|---|
| က- ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ကြေး<br>ဥပဒေမူဘောင်-ရွေးကောက်ပွဲ နည်းဥပဒေ အပိုဒ်၁၈(ခ) | ပါတီကိုယ်စားပြုယှဉ်ပြိုင်သည်ဖြစ်စေ၊ တစ်သီးပုဂ္ဂလယှဉ်ပြိုင်သည်ဖြစ်စေ ကိုယ်စားလောင်းတိုင်းသည် မှတ်ပုံတင်ကြေး ၃၀၀၀၀၀ ကျပ်ကိုပေးသွင်းရမည်။ |
| ခ- မဲဆွယ်စည်းရုံးရေး အသုံးစရိတ်ကန့်သတ်ချက်များ<br>ဥပဒေ မူဘောင် - နိုင်ငံရေးပါတီနည်းဥပဒေပုဒ်မ-၂၁၊ ၂၂ | ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲများ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲများတွင် မိမိပါတီကို ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ရွေးကောက်ပွဲ အသုံးစရိတ် ငွေကျပ် သိန်းတစ်ရာအထိ သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲ အသုံးစရိတ်ငွေကို သက်ဆိုင်ရာကိုယ်စားလှယ်၏ တရားဝင်ရငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေမှလည်းကောင်း ရယူနိုင်သည်။ |
| ဂ- ဆွယ်စည်းရုံးရေးအသုံးစရိတ်များ တင်ပြခြင်း<br><br>ဥပဒေမူဘောင် - နိုင်ငံရေးပါတီနည်းဥပဒေ အခန်း ၁၆ နှင့် ၁၇၊<br>ရွေးကောက်ပွဲဥပဒေ- ၄(ဃ)၊<br>ရွေးကောက်ပွဲနည်းဥပဒေ- ၈၀-၈၅၊<br>ပြည်နယ်/တိုင်းဒေသကြီးကော်မရှင် အဖွဲ့ခွဲလုပ်ငန်းလမ်းညွှန် ၃၅ | နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲအသုံးစရိတ်များကို ရွေးကောက်ပွဲ ရလဒ်များကို ကြေငြာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်/တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲများသို့ အစီရင်ခံတင်ပြရမည်။ အဆိုပါ အသုံးစရိတ်များကို ပုံစံ (၂၀) ဖြင့် ရေးသွင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့က မြို့နယ်တရားသူကြီးအဆင့်ထက် မနိမ့်သော တရားသူကြီး တစ်ဦးဦး၏ ရှေ့မှောက်တွင် ပြုလုပ်သော ကျမ်းကျိန်လွှာနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။<br>ပုံစံ (၂၀) တွင် တည်းခိုခြင်းနှင့်ခရီးသွားခြင်း စရိတ်များ၊ ရုံးဝန်ထမ်းများ စာရေးများနှင့် မဲဆွယ်စည်းရုံးရေးသမားများအတွက် အခကြေးငွေနှင့် ခရီးသွားစရိတ်ခွင့်ပြုငွေများ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း ကုန်ကျစရိတ်များ၊ ကြော်ငြာစရိတ်များ၊ စာရေးကိရိယာနှင့် ရုံးသုံးပစ္စည်းများအတွက် အသုံးစရိတ်များ၊ ဆက်သွယ်ရေးကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲမဲဆွယ်ပွဲများအတွက်ကုန်ကျစရိတ်များ၊ ယာဉ်ငှားရမ်းခ နှင့် ရွေးကောက်ပွဲနှင့်ဆက်စပ်သော အခြားမည်သည့်ကုန်ကျစရိတ်များမဆိုစသည်ဖြင့် ခွဲခြမ်းစိတ်ဖြာဖော်ပြထားသော ထည့်ဝင်မှုများ နှင့် ရွေးကောက်ပွဲအသုံးစရိတ်များ ပါဝင်ရမည်။ ပုံစံ (၂၀) ကို မမှန်မကန်တင်သွင်းဖော်ပြခဲ့ပါက အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ခြင်းခံရနိုင်သည်။<br><br>ပြည်နယ်/တိုင်းဒေသကြီး ကော်မရှင်ခွဲများသည် ပုံစံ (၂၀)ကို ရရှိပြီး နှစ်ရက်အတွင်း စူးစမ်းကြည့်ရှုပြီးနောက် အများပြည်သူမြင်သာသောနေရာတွင် ကပ်ထားရမည်။ မဲဆန္ဒရှင်များသည် ပုံစံ (၂၀) မိတ္တူကို စာတစ်မျက်နှာလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရယူနိုင်သည်။ ပုံစံ (၂၀) ကို လက်ခံရရှိပြီးနောက် ခုနစ်ရက်အတွင်း ပြည်နယ်/တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်ပြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအရေအတွက်၊ ဥပဒေတွင်ပြဋ္ဌာန်းထားသည့် လိုအပ်ချက်များအားလုံးကို ယင်းတို့ဖြည့်ဆည်းဆောင်ရွက်ခြင်းရှိ၊ မရှိ နှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို အရည်အချင်း ပျက်ယွင်းသူအဖြစ် ကြေငြာရန်သင့်မသင့်မှတ်ချက် စသည်တို့ကို UEC ထံသို့ တင်ပြရမည်။ အဆိုပါ အစီရင်ခံစာကို အများပြည်သူကြည့်ရှုနိုင်စေရမည်။ |

# ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

<table>
<tr>
<td>

က- ကိုယ်စားလှယ်လောင်း ဖြစ်ခွင့်

ဥပဒေမူဘောင် - ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ။ ။ ၃၉၅ + ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ ။ ။ ၈၊ ၁၀ + နည်းဥပဒေများ ပုဒ်မ။ ။၂၇

</td>
<td>

ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော် လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော် လည်းကောင်း၊ အရည်အချင်း ပျက်ယွင်းသူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသည်။

ရွေးကောက်ပွဲ ဥပဒေများသည် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများကို အောက်ပါအတိုင်းသတ်မှတ်ထားသည်။

- အသက် ၂၅ နှစ် (အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အတွက် အသက် ၃၀ နှစ်)။
- တဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချ နေထိုင်ခဲ့သူ။
- မဲစာရင်းတွင် ပါဝင်သူ။
- နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ။
- ဤဥပဒေတွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ။ (အခန်း ၈၊ အမျိုးသားလွှတ်တော်)။

---

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့် မရှိစေရ

- ထောင်ဒဏ်ကျခံနေရသူ။
- လွှတ်တော်ကိုယ်စားလှယ် အရည်ချင်းပျက်ယွင်းစေသော ပြစ်မှုဖြင့် ပြစ်ဒဏ် ချမှတ်ခံရခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းကြောင့် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိကြောင်း သက်ဆိုင်ရာကသတ်မှတ်ထားသည့် ကာလ ကုန်ဆုံးခြင်း မရှိသေးသူ။
- စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူ။
- လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံး၏ ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ။
- မွေးဖွားစဉ်က နိုင်ငံသား မဖြစ်သေးသော မိဘ တစ်ပါးပါးမှ ဖြစ်စေ၊ နှစ်ပါးလုံးမှ ဖြစ်စေ မွေးဖွားသည့် နိုင်ငံသား။
- နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူ သော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော် လည်းကောင်း ခံစားခွင့်ရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားခွင့်ရရှိသူ။
- နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ်
- အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊
- အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့် ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။
- နိုင်ငံရေးကိစ္စအတွက် ဘာသာရေးကို အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော် လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန် ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း ပြုသူ သို့မဟုတ် ယင်းသို့ ပြုလုပ်သည့် အဖွဲ့အစည်း ဝင်ဖြစ်သူ။
- နိုင်ငံ့ဝန်ထမ်း ( ယင်းစကားရပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသော လွှတ်တော်များတွင် ရွေးချယ်ခန့်အပ်ခြင်း ခံရသည့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ လွှတ်တော်များရှိ အဖွဲ့အစည်း များတွင် ရွေးချယ်ခန့်အပ်ခြင်း ခံရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် လည်းကောင်း မသက်ဆိုင်စေရ)။

</td>
</tr>
</table>

| | |
|---|---|
| တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်လောင်းများ: ဥပဒေမူဘောင် - ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ။ ။၁၆၁(ခ)(ဂ) | တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ထိုတိုင်းဒေသကြီး/ပြည်နယ် ရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီး/ပြည်နယ် အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှ အပ ကျန်တိုင်းရင်းသား လူမျိုးများအနက် ဝေျှာ်ကန်သင့်မြတ်သော လူဦးရေ ဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ။ ရွေးကောက်တင်မြှောက်ခွင့် အရည်အချင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်လောင်းများ အားလုံးအတွက် အကျုံးဝင်သည်။ သက်ဆိုင်ရာ အာဏာပိုင်များ၏ ဆုံးဖြတ်ချက်များအရ ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသားရေးရာ ဝန်ကြီးစုစုပေါင်း ၂၉ ဦး ရွေးချယ်တင်မြှောက် ခံကြရမည် ဖြစ်သည်။ |
| ခ- ကိုယ်စားလှယ်လောင်း အခွင့်အရေးများနှင့် လိုက်နာရန်အချက်များ<br><br>ဥပဒေမူဘောင် - ရွေးကောက်ပွဲ ဥပဒေများ- ၉၊ ၁၁၊ ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၂၂၊ CD | လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက်စုဝေးခွင့်နှင့် စည်းရုံးလှုံ့ဆော်ခွင့် ရှိသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အဖြစ် အမည်စာရင်းတင်သွင်းထားသူသည် သတ်မှတ်ထားသည့် အတိုင်း မိမိကိုယ်ကို ဖြစ်စေ၊ အခြားသူတစ်ဦးတိုင်းသည် အကူတစ်ဦးအား ခန့်ထားခွင့်ရှိမည်ဖြစ်ဖြစ်ပြီး ထိုသူသည် ရွေးကောက်ပွဲအောင်နိုင်ရေး လုပ်ရှားသည့် ကာလတစ်ခုလုံးတွင် ကိုယ်စားလှယ်ဖြစ်သည်။ ၄င်းသည် ရွေးကောက်ပွဲအောင်နိုင်ရေး လှုပ်ရှားမှု ကာလအတွင်း အသုံးပြုခဲ့သော အသုံးစားရိတ်များအားလုံးကို မှတ်တမ်းတင် ထိန်းသိမ်းထားရမည်။<br>လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံ ရပြီးနောက် အောက်ပါအချက် တစ်ခုခုနှင့် ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိ။<br>• သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်း ကူးပြောင်းသွားခြင်း။<br>• စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း။<br>• လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံရခြင်း<br>• လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း<br>• သက်ဆိုင်ရာ ဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း<br>• မွေးဖွားစဉ်က မိဘတစ်ပါးပါး ဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ၊ နိုင်ငံသားမဟုတ်ကြောင်း သတ်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း<br>• နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက် ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာကို ခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတပါး၏ လက်အောက်ခံဖြစ်သူဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း<br>• တည်ဆဲဥပဒေအရ မတရား အသင်းအဖြစ် ကြေညာခြင်း ခံရသော အဖွဲ့အစည်း၊ အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင့်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည်ဟု<br>• သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း။<br>• ·ရွေးကောက်ခံရသည့်နေရာမှ မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း သို့မဟုတ် ရပ်သိမ်းလွှာတင်ခြင်း |

| | |
|---|---|
| ဂ- ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း<br><br>ဥပဒေမူဘောင် -<br>ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၉၃+<br>ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ။ ။ ၉၊ ၂၂၊ ၂၃၊ ၂၆၊ ၂၇ - နည်းဥပဒေများ ပုဒ်မ။ ။ ၁၈၊ ၁၉၊ ၂၀ | လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲ တစ်ရပ်တွင် (က) လွှတ်တော် တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ (ခ) မဲဆန္ဒနယ်နစ်နယ်တွင် သာရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် လာင်းတစ်ဦးသည် မိမိယှဉ်ပြိုင်မည့် လွှတ်တော်နေရာကို ရွေးကောက်ပွဲကော်မရှင်ထံသို့ ပေးပို့လျှောက်ထားရမည်။ (မြန်မာနိုင်ငံတွင် မဲဆန္ဒနယ် သတ်မှတ်ရာတွင် မြို့နယ်ကို အခြေပြု၍ သတ်မှတ်သည်)။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ပါတီတစ်ခုခုမှသော် လည်းကောင်း၊ တသီးပုဂ္ဂလ အနေနှင့်သော်လည်းကောင်း ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်နိုင်သည်။ လွှတ်တော် ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်လိုလျှင် သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်ထံတွင် (ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသော ပုံစံဖြင့်) အမည်စာရင်း တင်သွင်း၍ လျှောက်ထားရမည်။ အမည်စာရင်း တင်သွင်းလွှာကို ပုံစံ(၆) မူရင်း နစ်စောင်ဖြင့် တင်သွင်းရမည်။ ယင်းတင်သွင်းလွှာနှင့်အတူ ကော်မရှင်က သတ်မှတ်ပေးသော ငွေစာရင်းခေါင်းစဉ်သို့ ရွေးကောက်ပွဲ ဝင်ခွင့် အာမခံငွေ ကျပ်သုံးသိန်း ကို မိမိအမည်စာရင်း တင်သွင်းရမည့် ကော်မရှင် အဖွဲ့ခွဲ ရုံးစိုက်ရာ မြန်မာစီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်း မူရင်းကိုလည်းပူးတွဲတင်ပြရမည်။ လျှောက်လွှာများကို သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲများနှင့် ပြည်နယ်/တိုင်းကော်မရှင်အဖွဲ့ခွဲ များက စိစစ်ပြီး ကိုယ်စားလှယ်လောင်းခွင့်ပြုမပြုကို ဆုံးဖြတ်ပေးသည်။ ကိုယ်စားလှယ်လောင်း အရည်အချင်းနှင့် ပြည့်မီခြင်းမရှိသော အခြားကိုယ်စားလှယ်လောင်းတစ်ဦးဦးကို လုံလောက်သော သက်သေအထောက်အထား များတင်ပြပြီး ကန့်ကွက်နိုင်သည်။ ကိုယ်စားလှယ်လောင်းများ အထက်ဆင့်ကော်မရှင်များ (ပြည်နယ်/တိုင်း ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်) သို့အယူခံဝင်နိုင်သည်။ ယင်းဆုံးဖြတ်ချက်များသည် နောက်ဆုံးဆုံးဖြတ်ချက်ပြီးနောက် ထပ်မံအယူခံမဝင်နိုင်တော့ပေ။ |
| - မှတ်ပုံတင်ကြေး ဥပဒေမူဘောင် - နည်းဥပဒေများ<br>ပုဒ်မ။ ။၁၈(ဂ)၊ ၃၈၊ ၇၃၊ ၇၄၊ ၇၇၊ ၈၀၊ ၈၂၊ ၈၃ | အမည်စာရင်း တင်သွင်းလွှာပုံစံ(၆) နှင့် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ကျပ်သုံးသိန်းကို ပေးသွင်း၍ လျှောက်ထားရမည်။ အကယ်၍ လွှတ်တော်ကိုယ်စားလှယ်လောင်း သည် သေဆုံးလျှင် သော် လည်းကောင်း၊ ကိုယ်စားလှယ်လောင်းအဖြစ် ငြင်းပယ်ခံရလျှင် သော်လည်းကောင်း၊ ရွေးကောက်ပွဲ ရက် ရွှေ့ဆိုင်းလျှင် သော်လည်းကောင်း၊ ရွေးကောက်ခြင်းမခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသော ဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့် အထက် ရရှိသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ဝင်ခွင့် အာမခံငွေကို ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စား လှယ် များ၏ အမည်စာရင်း ကြေညာပြီးနောက်တွင် ယင်းတို့အား သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်အား ပုစံ (၆-ဃ) ဖြင့် ပြန်လည်ထုတ်ပေးရမည်။ လွှတ်တော် ကိုယ်စားလှယ်လောင်း တစ်ဦးသည် မိမိ၏ ရွေးကောက်ပွဲ ကုန်ကျစရိတ်အဖြစ် ငွေကျပ် သိန်းတစ်ရာ ထက်ပို၍ သုံးစွဲခြင်း မပြုရ။ ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် ရွေးကောက်ပွဲအောင်နိုင်ရေး အတွက် အသုံးပြုခဲ့သော အသုံးစရိတ် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်ခွဲက ရွေးကောက်တင် မြှောက်ခံရသည့် လွှတ်တော်ကိုယ်တော်ကိုယ်စားလှယ်၏ အမည်ကို ကြေညာသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းကို ပုံစံ(၂၀) ဖြင့် ရေးသွင်း၍ မိတ္တူ တစ်စုံကူးယူပြီး မူရင်းနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့က နေပြည်တော် ကောင်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင် အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင် အဖွဲ့ခွဲထံ တင်သွင်းရ မည်။ |
| င- ကိုယ်စားလောင်းလျှောက်လွှာ ရုပ်သိမ်းခြင်း<br>ဥပဒေမူဘောင် - နည်းဥပဒေများ ပုဒ်မ။ ။ ၃၃၊ ၃၄ | လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် မိမိ အမည်စာရင်း တင်သွင်းလွှာကို မိမိဆန္ဒ အလျှောက် ရုပ်သိမ်းလိုလျှင် ကော်မရှင်က သတ်မှတ်ထားသည့် ကာလအတွင်း ရုပ်သိမ်းလွှာကို ပုံစံ (၉) နစ်စောင်ဖြင့် မိမိကိုယ်တိုင် ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်က ဖြစ်စေ နေပြည်တော် ကော်မရှင် အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲထံ တင်ပြရမည်။ |

| | |
|---|---|
| စ- အရည်အချင်းပျက်ယွင်းခြင်း ဥပဒေမူဘောင် -<br>ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ။ ။ ၃၈၊ ၃၉၆၊ ၁၂၁ + ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ။ ။ ၁၁၊ ၁၂ + နည်းဥပဒေများ ပုဒ်မ။ ။ ၂၇၊ ၃၅ | ရွေးကောက်တင်မြှောက်ခံရသူ တစ်ဦးသည် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ ၈ နှင့် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တိုင်ကြားချက် ကို ရရှိလျှင် ကော်မရှင်သည် ယင်းတိုင်ကြားချက်ကို ရွေးကောက်ပွဲ ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်စေနိုင်သည်။<br>ရွေးကောက်တင်မြှောက်ခံရသူ တစ်ဦးသည် အောက်ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ပိုင်ခွင့်မရှိ။<br>• အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်ခြင်း<br>• စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့် အတိုင်းမှတ်ယူခြင်း ခံရသူ၊<br>• သာသနာ့ ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊<br>• လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊<br>• လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရခြင်း<br>• သက်ဆိုင်ရာ ဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း၊<br>• မွေးဖွားစဉ်က မိဘတစ်ပါးပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ နိုင်ငံသားမဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း<br>• နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ နိုင်ငံခြားအစိုးရ၏ ဩဇာခံယူသူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခြင်း<br>• တည်ဆဲဥပဒေအရ မတရား အသင်းအဖြစ် ကြေညာခြင်း ခံရသော အဖွဲ့အစည်း၊ အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင့်နေသော သောင်းကျန်းသူ အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသည်ဟု သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ခံရခြင်း။ |
| ဆ- ကိုယ်စားလောင်းအမည်စာရင်းတင်သွင်းခြင်းနှင့်ပတ်သက်သည့် တိုင်ကြားမှုများနှင့် အယူခံမှုများ ဥပဒေမူဘောင် - ဖွဲ့စည်းပုံ အခြေခံဥပဒေ ၃၉၆၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း(၇)၊ ပုဒ်မ။ ။ ၂၅၊ ၄၅၊ ၅၃ - နည်းဥပဒေများ ပုဒ်မ။ ။ ၃၀၊ ၃၃ | လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူ၏အမည်စာရင်း တင်သွင်းလွှာကို နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲက စိစစ်သည့် အချိန်တွင် (က) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်တင်သွင်း ထားသောသူသည် မိမိတင်ပြလိုသော အထောက်အထားများကို တင်ပြခွင့်ရှိသည်။<br>(ခ) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသော သူသည် ရွေးကောက်တင်မြှောက်ခံခွင့်မရှိကြောင်း သို့မဟုတ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံခြင်း မရှိကြောင်းကို ထိုကိုယ်စားလှယ်လောင်း ရွေးကောက်ခံမည့် မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်းတစ်ဦးဦးက လုံလောက်သော အထောက်အထားများ တင်ပြ၍ သတ်မှတ်ထားသည့်အတိုင်း ကန့်ကွက်နိုင်သည်။<br>ကန့်ကွက်လွှာတင်သွင်းခြင်းအတွက် အဖိုးအခ တစ်စုံတစ်ရာပေးဆောင်ရခြင်းမရှိပါ။<br><br>သတ်မှတ်ထားသောနေ့တွင် အမည်စာရင်း တင်သွင်းလွှာများ စိစစ်ခြင်းနှင့် စပ်လျဉ်းသော လုပ်ငန်းအားလုံး ပြီးပြတ်အောင် ဆောင်ရွက်ရမည်။ သို့ရာတွင် ကန့်ကွက်ချက်ရှိလျှင် ယင်း ကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ခုနစ်ရက်အတွင်းပြီးပြတ်အောင် ဆောင်ရွက်ရမည်။အယူခံတင်သွင်းခြင်းအတွက် အဖိုးအခ တစ်စုံတစ်ရာပေးဆောင်ရခြင်းမရှိပါ။ |

# မဲဆွယ်စည်းရုံးခြင်း

| | |
|---|---|
| က- လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်<br><br>ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ။ ။ ၃၅၄၊ ၃၆၄၊ ၃၆၅၊ ၄၀၇ | ဖွဲ့စည်းပုံ အခြေခံဥပဒေမှ လွတ်လပ်စွာ စည်းရုံးပြောဆိုခွင့်ကို မိမိ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ပြောဆိုခွင့်နှင့် ရေးသားခွင့် ဟူ၍ ပြဋ္ဌာန်းပေးထားသည်။ ထို့ပြင် အသင်းအဖွဲ့များ နှင့် အစည်းအရုံးများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပေးထားသည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားများအတွက် ယင်းအခွင့်အရေးများကို အကာအကွယ်ပေးထားသော်လည်း ပြည်ထောင်စု၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် တည်ငြိမ်ရေးနှင့် အကျင့်စာရိတ္တမြင့်မားရေးတို့နှင့် ဆန့်ကျင်ဘက်မဖြစ်ရပေ။ ဘာသာရေး နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်သော မည်သည့် ထုတ်ဖော်ပြောဆိုမှုမဆို နိုင်ငံရေးအလို့ငှာ အသုံးချခြင်းမှ တားမြစ်ထားသည်။ ထို့ပြင် ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခြင်း ဥပဒေနှင့် အီလက်ထရွန်းနစ်နည်းဖြင့် လွှဲပြောင်းခြင်းဆိုင်ရာ ဥပဒေများလည်း ရှိသည်။ |
| ခ- မဲဆွယ်စည်းရုံးရေးကာလ<br>ဥပဒေမူဘောင်- မဲဆွယ်စည်းရုံးခြင်း ညွှန်ကြားချက် (၃)၊ ယူအီးစီ ကြေညာချက် ၃၀.၁၁.၁၆ | မဲဆွယ်စည်းရုံးခြင်းကို ရက်ပေါင်း ၆၀ သတ်မှတ်ပေးထားသည်။ ရွေးကောက်ပွဲ မတိုင်မီ တစ်ရက်နှင့် ရွေးကောက်ပွဲနေ့တွင် မဲဆွယ်စည်းရုံးရေး လုပ်ငန်းများ အားလုံးရပ်ဆိုင်းထားရမည်။ |
| ဂ- ထုစည်းတန်းလှည့်လည်မှုများနှင့် လူထုဟောပြောပွဲများ<br>ဥပဒေမူဘောင်- မဲဆွယ်စည်းရုံးခြင်း ညွှန်ကြားချက် (၅) | ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ပြီးနောက် ၁၅ ရက်အတွင်း စုဝေးဟောပြောမည့် လုပ်ငန်းများကို အချိန်နှင့် နေရာများ ပါဝင်သော မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းအစီအစဉ်ကို တင်သွင်းရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်အဖွဲ့ခွဲများမှ အတည်ပြုပေးရမည်။ ပါတီတွင်းပြုလုပ်သော အစည်းအဝေးနှင့် ဟောပြောမှုများကို အသိပေးရမည်။ |
| ဃ- မဲဆွယ်စည်းရုံးရေးပွဲများအတွက် လျှောက်ထားခြင်း<br><br>ဥပဒေမူဘောင်- မဲဆွဲစည်းရုံးခြင်း ညွှန်ကြားချက် (၁၀) | ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်း လုပ်ငန်းများ ပြုလုပ်ရန် လျှောက်ထားရာတွင် လုံခြုံရေးနှင့် စုရုံးချီတက်မှုများသည် အများပြည်သူနှင့် သက်ဆိုင်သော နေရာများကို အနှောင့်အယှက် မဖြစ်စေရ။ (အစိုးရ နှင့်သက်ဆိုင်သော အနေရာများ၊ ဆေးရုံ၊ ကျောင်းများ နှင့် လူထူထပ်သော နေရာများ။ လူထုစည်တန်းလှည့်လည်ပွဲများမတိုင်မီ အနည်းဆုံး ၇၂ နာရီကြိုပြီး လျှောက်လွှာ စိစစ်ပြီး အတည်ပြုပေးရန် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ့သို့ ပါတီက လျှောက်ထားရမည်။ လူထုစည်းတန်းလှည့်လည်ပွဲများနှင့် အများ ပြည်သူအား မိန့်ခွန်းပြောကြားရာတွင် တရားဝင် အတည်ပြုစာ လိုအပ်သည်။ လျှောက်ထားမှုပယ်ချခံရပါက လျှောက်ထားသူသည် အထက်အဆင့် ကော်မရှင်အဖွဲ့ခွဲသို့ သုံးရက်အတွင်း အယူခံဝင် နိုင်သည်။ |
| င- မဲဆွယ်စည်းရုံရေး ပစ္စည်းများဥပဒေမူဘောင်- ရွေးကောက်ပွဲ ဥပဒေများ အခန်း(၁၃-၁၄)၊ ပါတီ ကျင့်ဝတ် (၂-၂-ဃ)<br>မဲဆွယ်စည်းရုံးခြင်း ညွှန်ကြားချက် (၁၀)(ဂ)၊ ၁၄ | မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူပိုင် အဆောက်အဦးများ အသုံးပြုခြင်းကို တားမြစ်ထားသည်။ ပါတီများသည် ၄င်းတို့အစီအစဉ်အရ လက်ကမ်းစာစောင်များနှင့် ပစ္စည်းများ ပေးဝေခြင်းကို ခွင့်ပြုထားသည်။ ပိုစတာများအတွက် အရွယ်အစား မည်မျှရှိရမည်ဟု သတ်မှတ်ထားခြင်း မရှိပါ။ မဲရုံမှ ကိုက်(၅၀၀) အတွင်း မဲဆွယ်သည့် မည်သည့်အမှတ်အသားကိုမျှ ခွင့်မပြုပါ။ |

| | |
|---|---|
| စ-နိုင်ငံပိုင်မီဒီယာများတွင် မဲဆွယ်စည်းရုံးခြင်း<br>ဥပဒေမူဘောင်- မဲဆွယ်စည်းရုံးခြင်း ညွှန်ကြားချက် (၂) | ပါတီများသည် နိုင်ငံပိုင်မီဒီယာများဖြစ်သော တီဗီနှင့်ရေဒီယိုများတွင် ၁၅ အခမဲ့မဲဆွယ်စည်းရုံးခြင်းကို ခွင့်ပြုထားပါသည်။ ပါတီများအနေနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံမှ ခွင့်ပြုချက်ရရှိရန်အတွက်  ခုနစ်ရက်ကြိုတင်၍ လျှောက်ထားရန် လိုအပ်ပါသည်။ |
| ဆ- ရွေးကောက်ပွဲနေ့ မဲဆွယ်စည်းရုံးခြင်း<br>ဥပဒေမူဘောင်-ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ- ၆၀၊ မဲဆွယ်စည်းရုံးခြင်း ညွှန်ကြားချက် (၃) | မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းများကို ရွေးကောက်ပွဲ မတိုင်မီ တစ်ရက်အလို တွင် ရပ်နားရမည်။ မဲရုံမှ ကိုက်(၅၀၀) အတွင်း မဲဆွယ်စည်းရုံးခြင်း လုပ်ငန်းများကို တားမြစ်ထားသည်။ |
| ဇ- မဲဆွယ်စည်းရုံးရေးရန်ပုံငွေ<br>ဥပဒေမူဘောင်- ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ။။ ၅၅၊ နည်းဥပဒေများ အခန်း(၁၃)၊ ပုဒ်မ။ ။၇၇၊ မဲဆွယ်စည်းရုံးခြင်း ကြေညာချက်(၁၇)၊ ပါတီ ကျင့်ဝတ် (၂-၂-ဃ)၊ နိုင်ငံရေးပါတီများ ဆိုင်ရာ ဥပဒေ- အခန်း ၄၊ နိုင်ငံရေးပါတီများ ဆိုင်ရာ နည်းဥပဒေ- ပုဒ်မ ၁၉-၂၃ | လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ၄င်းတို့၏ ပါတီအေးဂျင့်များက မဲဆွယ်စည်းရုံးသည့် ကာလအတွင်း အသုံးပြုထားသည့် အသုံးစရိတ်အားလုံးကို မှတ်တမ်းတင်ထား၍ ရွေးကောက်ပွဲ ကော်မရှင်ထံသို့ ပြန်လည်တင်ပြရမည်။ ဥပဒေအရ မဲဆွယ်စည်းရုံးခြင်း အသုံးစရိတ်ကို သိန်း တစ်ရာကျပ် ခွင့်ပြုထားပြီး အသုံးစရိတ်များအားလုံးကို ရွေးကောက်ပွဲရလာဒ်များ ကြေညာပြီး ရက်ပေါင်း ၃၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံသို့ အစီရင်ခံရမည်။ ပါတီကျင့်ဝတ် အရ ပါတီများသည် မဲဆွယ်စည်းရုံးခြင်းရာတွင် နိုင်ငံတော်ပိုင် ပစ္စည်းများကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ပါမည်ဟု သဘောတူထားသည်။ နိုင်ငံရေးပါတီအနေဖြင့် မဲဆွယ်ရန်စည်းရုံးရေးကာလနှင့် ပတ်သက်ပြီး အသေးစိတ်ငွေစာရင်းရှင်းတမ်းကို တင်ရန် သို့မဟုတ် အများပြည်သူသို့ ထုတ်ပြန်ရန် မလိုအပ်ပေ။ ပါတီများအနေဖြင့် ဘဏ္ဍာရေးနှစ်တစ်နှစ်ပြီးနောက် ၃ လအတွင်း နှစ်ပတ်လည်ငွေ စာရင်း ရှင်တမ်းကိုသာ ပြုစုထားရမည်ဖြစ်သည်။ ငွေစာရင်းရှင်းတမ်းကိုတင်သွင်းရန် ပျက်ကွက်သည့် ကိုယ်စားလှယ်လောင်းများသည် အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။ အရည်အချင်းပျက်ယွင်းသူအဖြစ် ယခုလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပေ။<br><br>မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်တွင် ၂၀၁၂ ကတည်းက အဖွဲ့ဝင်ဖြစ်ခဲ့သည်။ သဘောတူစာချု၏ ပုဒ်မ ၇.၃ အရ ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများကိုရန်ပုံငွေထောက်ပံ့ရာတွင် ပွင့်လင်းမြင်သာမှုကိုမြှင့်တင်ရန် သင့်လျော်သော ဥပဒေများပြဋ္ဌာန်းပြီး စီမံအုပ်ချုပ်မှုဆိုင်ရာ ကိုင်တွယ်မှုများပြုလုပ်ရမည်ဟု ပါရှိသည်။ သဘောတူ စာချုံအရ ရင်းမြစ်များကို အလွဲသုံးစားမပြုခြင်းနှင့် အကျိုးစီးပွားခြင်းပဋိပက္ခဖြစ်ခြင်းအပါအဝင် အဂတိလိုက်စားမှုကို ကြိုတင် ကာကွယ်ခြင်း၊ အများပြည်သူသိအောင်သတင်းထုတ်ပြန်ခြင်း၊ တာဝန်ခံခြင်းနှင့် ပွင့်လင်းမြင်သာခြင်း တို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ထိရောက်သောအဖွဲ့၊ လုပ်ငန်းများနှင့် စနစ်များ ထူထောင်ဖွဲ့စည်းရမည်ဖြစ်သည်။ (သဘောတူ စာချုပ်၏ အခန်း ၂)။ |

# ကြိုတင်မဲပေးခြင်း

ဥပဒေမူဘောင် -
ရွေးကောက်ပွဲဥပဒေများ ပုဒ်မ။ ။
၄၅၊ ၄၆၊ ၄၇ + နည်းဥပဒေများ
ပုဒ်မ။ ။ ၅၁၊ ၅၄၊ ၅၆၊ ၅၇၊ ၅၉(ခ)၊
၇၀(ခ)-

မဲပေးပိုင်ခွင့်ရှိသူများ- ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒနယ်ပြင်ပသို့ရောက်ရှိနေမည့် မဲပေးပိုင်ခွင့်ရှိသည့် မည်သည့် နိုင်ငံသားမဆို အထောက်အထား တင်ပြနိုင်ပါက ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။ အောက်ဖော် ပြပါပုဂ္ဂိုလ်များသည် ဥပဒေအရ မဲပေးပိုင်ခွင့်ရှိကြသည်။

- တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ
- ကျောင်းသားများနှင့် သင်တန်းသားများ
- အကျဉ်းကျခံနေရသူများ
- ဆေးရုံတက်နေရသည့် လူနာများ
- အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံခြားခရီးထွက်နေသူများ
- မဲဆန္ဒနယ်ပြင်ပရောက်နေသည့် အခြားမဲဆန္ဒရှင်များ

က- မဲဆန္ဒနယ်ပြင်ပရောက်
မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်း

ဥပဒေမူဘောင်-
ရွေးကောက်ပွဲနည်းဥပဒေ-
အခန်း ၁၁၊ ပုဒ်မ ၅၄၊ ၅၆၊ ၆၂၊
ရွေးကောက်ပွဲကော်မရှင်ကြေညာချက်
-(၄/၁၆၅)

ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွင် ကြိုတင်မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးရန် ကြိုတင်မဲဆန္ဒရှင်စာရင်း ပုံစံ (၁- ၁) ဖြင့် လျှောက်ထားရမည်။ မဲဆန္ဒရှင်၏ လုပ်ငန်းဌာန/ရုံး အကြီးအကဲက ပုံစံ ၁၅ ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ လျှောက် ထားကာ မြို့နယ်ကော်မရှင်က စိစစ်ပြီး သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့မည်ဖြစ်သည်။ အကယ်၍ မဲပေးပိုင်ခွင့်ရှိပါက ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲ့ ကြိုတင် မဲဆန္ဒရှင်စာရင်း ပုံစံ (၁-၁) တွင် ထည့်သွင်းပေးမည်ဖြစ်သည်။

မဲပေးခြင်း- သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ ကြိုတင်မဲလက်မှတ်များပို့ဆောင်ရေး အတွက် ကြိုတင်မဲ လက်မှတ်များကို စာအိတ်များအတွင်းသို့ ထည့်သွင်းထားမည်ဖြစ်သည်။ ယင်းစာအိတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဆီးလ်တံဆိပ်ပိတ်ပြီး မဲဆန္ဒနယ်အမည်၊ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲအမည်တို့ ပါရှိမည်ဖြစ်သည်။

ကြိုတင်ဆန္ဒမဲစာအိတ်များကို လက်ခံရရှိပြီးနောက် သက်ဆိုင်ရာ လုပ်ကန်းဌာနအကြီးအကဲ/ ပါမောက္ခချုပ်/ ကျောင်းအုပ်/ရဲစခန်းမှူး/ထောင်မှူးတို့က မဲဆန္ဒနယ်နှင့် ရက်ကွက်/ကျေးရွာအုပ်စုအမည်များကို စိစစ်မည်ဖြစ်သည်။

ကြိုတင်မဲလက်မှတ်များပါရှိသည့် စာအိတ်များကို ကြိုတင်မဲပုံးတွင်ထည့်သွင်းပြီး ရွေးကောက်ပွဲနေ့ ၄ နာရီမတိုင်မီတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ အရောက်ပေးပို့ရမည်ဖြစ်သည်။ ကြိုတင်မဲများကို မြို့ နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ရေတွက် မည်ဖြစ်ပြီး ရလဒ်များကို ပုံစံ ၁၈ နှင့် ပုံစံ ၁၈ (က) တို့တွင်ဖြ ည့်သွင်းထားမည်ဖြစ်သည်။

ကြိုတင်ဆန္ဒမဲပေးခြင်း သုံးမျိုးရှိသည်။ (က) ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ အတွက် ကြိုတင်ဆန္ဒမဲပေးခြင်း (ခ) နိုင်ငံပြင်ပရောက်ရှိနေသော မဲဆန္ဒရှင်များ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် နိုင်ငံပြင်ပသို့ရောက်ရှိနေမည့် မဲဆန္ဒရှင်များ (ဂ)သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် ရှိနေသော်လည်း ရွေးကောက်ပွဲနေ့တွင် အကြောင်းတစ်ခုခုကြောင့် မဲရုံသို့ လာရောက် ဆန္ဒမဲ မပေးနိုင်သူများ။

၎င်းတို့ရောက်ရှိရာနေရာမှ မဲပေးကြမည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သံအမှုထမ်း များမှအပ ကြိုတင်မဲပေးလိုသူများသည် ကြိုတင်မဲပေးဂုန်အတွက် စာရင်းသွင်းရန် ဥပဒေအရလိုအပ်သည်။ ကြိုတင်မဲပေးရန် စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းလုပ်ငန်းစဉ်များသည် နည်းဥပဒေများတွင် ပြဌာန်းထားသည့် အတိုင်းဖြစ်သည်။

ခ- မဲဆန္ဒနယ်တွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်း

ဥပဒေမူဘောင်-
ရွေးကောက်ပွဲနည်းဥပဒေ ၅၁ (ခ) (ဃ) (စ) (ဆ) (ဇ) (ဈ)၊ ၅၂၊ ၅၃၊ ရွေးကောက်ပွဲကော်မရှင် ကြေညာချက် (၄/၁၈၀)

အရည်အချင်း - ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင် ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးနိုင်သော သူများ အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများသည် ကြိုတင် ဆန္ဒမဲ ပေးခွင့်ရှိသည်။

မှတ်ပုံတင်ခြင်း - ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲသည် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသော သူများ ကို ဆက်သွယ်၍ ယင်းတို့အား ဆန္ဒမဲပေးရာတွင် ကူညီပေးမည့် သူများနှင့်အတူ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရန် စီစဉ်ပေးရမည်။

ဆန္ဒမဲပေးခြင်း - ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်ပေးသော နေ့နှင့်အချိန် အတွင်း ကြိုတင်ဆန္ဒပေး ပေးနိုင်ရန် စီစဉ် ဆောင်ရွက်ပေးရမည်။ ကြိုတင်ဆန္ဒမဲပေးခြင်းသည် မဲဆန္ဒရှင် အမျိုးအစားပေါ်တွင် မူတည်သည်။

- ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊ နေအိမ်တွင် မီးဖွားနေသူများ ဆန္ဒမဲပေးနိုင်ရန် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲများသည် ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ ကြီးကြပ် ဆောင်ရွက်ပေးရမည်။ နည်းဥပဒေများသည် ဆန္ဒမဲပေးခြင်း အဆင့်ဆင့်ကို ဖော်ပြရာတွင် ရှင်းလင်းမှုမရှိပါ။ မည်ကဲ့သို့ အသေးစိတ် စီစဉ်ဆောင်ရွက်သင့်သည်ကိုသာ ပြဋ္ဌာန်းထားသည်။

- ဆေးရုံတာဝန်ခံသည် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲ ဖွဲ့ဝင်များနှင့် လူနာများအကြား တွင် လူနာများ ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ပေးရမည်။ ဆေးရုံတာဝန်ခံသည် ဆန္ဒမဲ လက်မှတ်များကို လူနာများထံသို့ တိုက်ရိုက် ယူဆောင်ပေးရမည်။

- အချုပ်ခံနေရသော မဲဆန္ဒရှင် တစ်ဦးသည် မဲပေးပြီးနောက် သက်ဆိုင်ရာဌာန အကြီးအကဲ ထံသို့ ဆန္ဒပြုထားသော မဲလက်မှတ်ကို ပြန်လည်ပေးအပ်ရမည်။ ယင်းသက်ဆိုင်ရာ ဌာန အကြီးအကဲသည် ရပ်ကွက်/ကျေးရွာ ကော်မရှင်ခွဲ ထံသို့ပြန်လည်ပေးပို့ရမည်။

- မဲဆန္ဒနယ်အတွင်းရှိသော ကြိုတင်ဆန္ဒမဲပေးလိုသည့် မဲဆန္ဒရှင် တစ်ဦးသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ခွဲ ထံတွင် နိုဝင်ဘာ ၆ရက်မှ ၇ ရက်အတွင်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကြိုတင်ဆန္ဒမဲပေးနိုင်သည်။ မဲဆန္ဒရှင်က ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ စာအိပ်အသီးသီး၌ ထည့်သွင်း၍ ချိတ်ပိတ်ထားသော မဲပုံးအတွင်းလို့ ထည့်သွင်းရမည်။ (လွှတ်တော်အားလုံးအတွက် ဆန္ဒမဲလက်မှတ်များကို ကြိုတင်ဆန္ဒမဲပေးသည့် မဲပုံးတစ်ခုထဲတွင် ထည့်သွင်းရမည်။) ကြိုတင်ဆန္ဒမဲပေးမည့်သူများ အား မဲပေးပြီးကြောင်း မင်သုတ်လိမ်းခြင်းမရှိပါ။

- ကြိုတင်မဲလက်များပါဝင်သည့် ဆီးလ်ပိတ်ထားသော မဲပုံးကို ကြိုတင်မဲပေးထားသည့် မဲဆန္ဒ ရှင်များစာရင်းဖြစ်သည့် ပုံစံ (၁၃) နှင့်အတူ ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာမဲရုံသို့ ပေးပို့ ရမည်ဖြစ်သည်။

- မဲရုံပိတ်ပြီးချိန်တွင် ကြိုတင်မဲများကို ရေတွက်မည်ဖြစ်ပြီး ပုံစံ (၁၆) နှင့် ပုံစံ (၁၆-က) တို့တွင် ဖြည့်သွင်းသွားမည်ဖြစ်သည်။

| | |
|---|---|
| ဂ- နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်း<br><br>ဥပဒေမူဘောင်- ရွေးကောက်ပွဲနည်းဥပဒေ ၅၇၊ ၅၈၊ ၅၉ | မဲပေးပိုင်ခွင့် - အစိုးရခွင့်ပြုချက်ဖြင့်နိုင်ငံပြင်ပ ရောက်ရှိနေသော နိုင်ငံသားတိုင်းသည် အထောက်အထား တင်ပြ၍ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသည်။<br><br>မဲစာရင်းသွင်းခြင်း- သက်ဆိုင်ရာမဲပေးပိုင်ခွင့်ရှိသူများသည် ပုံစံ ၁၅ ဖြင့် မြန်မာသံရုံးတွင် စာရင်းသွင်းရမည်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပေးပို့ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်သို့ ပို့ဆောင်မည်ဖြစ်သည်။ နိုင်ငံပြင်ပရောက် ကြိုတင်မဲပေးမည့်သူများမှ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအမည်သို့ ပုံစံ (၁-၃) တွင်ဖြည့်သွင်းမည်ဖြစ်သည်။ ယင်းပုံစံ မိတ္တူတစ်စုံကို ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွင်ငင် ထားရှိပြီး နောက်တစ်စုံကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သွားမည်ဖြစ်သည်။<br><br>မဲပေးခြင်း- သက်ဆိုင်ရာသံရုံးများသို့ပို့ဆောင်ပေးရန်တာဝန်ရှိသော နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကြိုတင်မဲလက်မှတ်များ နှင့် စာအိတ်များသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပေးပို့မည်ဖြစ်သည်။ သံရုံးအသီးသီးက ကြိုတင်မဲပေးခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ရမည်ဖြစ်သည်။ မဲလက်မှတ်များကို စာအိတ်များတွင် ထည့်သွင်းပြီး ဆီလ်းပိတ်ရမည်ဖြစ်သည်။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ မဲလက်မှတ်များပို့ဆောင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအသီးသီး က ကြိုတင်မဲလက်မှတ်များ၏ လက်ခံဖြတ်ပိုင်းများ၊ ၎င်းတို့၏ ရုံးသုံးဆီးလ်တံဆိပ်များကို ရိုက်နှိပ်ထားရမည်ဖြစ်ပြီး မဲလက်မှတ်၏နောက်ကျောတွင် လက်မှတ်ရေးထိုးရမည်။<br><br>ကြိုတင်မဲလက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီမတိုင်မီ ပေးပို့ရမည်ဖြစ်ပြီး ယင်းနေ့တွင်ပင် ရေတွက်မည်ဖြစ်သည်။ ကြိုတင်မဲများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ရေတွက်ပြီး ရလဒ်များကို ပုံစံ ၁၈ နှင့် ၁၈ (က) တို့တွင် ထည့်သွင်းရမည်ဖြစ်သည်။ |
| ဃ-တပ်မတော်သားများ ကြိုတင်မဲပေးခြင်း<br><br>ဥပဒေမူဘောင် - နည်းဥပဒေ ပုဒ်မ- ၆၀ | မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များသည် သက်ဆိုင်ရာ တပ်ဖွဲ့၌ တာဝန်အရှိဆုံး ပုဂ္ဂိုလ်က စီစဉ်ပေးသည့် နေရာ၌ ယင်းတပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များက ကြိုတင်ဆန္ဒမဲလက်မှတ်တွင် မိမိတို့ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ စာအိတ် အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး ထိုတာဝန်အရှိဆုံး ပုဂ္ဂိုလ်ထံသို့ ချက်ချင်း ပြန်လည်ပေးအပ်ရမည်။ ထိုတာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ယင်းကြိုတင်ဆန္ဒမဲ လက်မှတ်ပါရှိသည့် စာအိတ်များကို စုစည်းပြီးသည့်အခါ သက်ဆိုင်ရာ တပ်မှူးထံသို့ ပြန်လည်ပေးပို့ရမည်။<br><br>တပ်မတော်သားများနှင့် သံတမန်များမှ ကြိုတင်ပေးထားသော ဆန္ဒမဲလက်မှတ်များကို သက်ဆိုင် မြို့နယ်ကော်မရှင်ခွဲထံသို့ ရွေးကောက်ပွဲနေ့ ညနေ ၄နာရီ မတိုင်မီ ပေးပို့ရမည်။ ကြိုတင်မဲများ ကိုမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ရေတွက်ပြီး ရလဒ်များကို ပုံစံ ၁၈ နှင့် ၁၈ (က) တို့တွင် ထည့်သွင်း ရမည်ဖြစ်သည်။ |
| င- ရွေးကောက်ပွဲနေ့တွင် တာဝန်ကျနေမည့် ပြည်သူ့ ဝန်ထမ်းများ ကြိုတင်မဲပေးခြင်း<br><br>ဥပဒေမူဘောင်- ယူအီးစီ (၄/၁၈၀) | ရွေးကောက်ပွဲနေ့တွင် လုပ်ငန်းတာဝန်ထမ်းဆောင်နေရမည့် သို့မဟုတ်/နှင့် နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်မတိုင်မီခရီးထွက်ရမည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများသည် ရွေးကောက်ပွဲမတိုင်မီ ၁၀ ရက်အလိုမှစပြီး နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ကြိုတင်မဲပေးခွင့်ရှိသည်။<br><br>ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတွင် မဲမပေးမီ ကြိုတင်မဲပေးမည့် အစိုးရဝန်ထမ်း အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်လိုအပ်သည်။ |

# မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ရလဒ်များထုတ်ပြန်ကြေညာခြင်း

| | |
|---|---|
| က- မဲရုံတည်နေရာများ<br>ဥပဒေ မူဘောင် - ရွေးကောက်ပွဲ<br>ဥပဒေများ ပုဒ်မ- ၃၆၊ ၃၈ -<br>နည်းဥပဒေများ ပုဒ်မ- ၃၉(က) -<br>မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်<br>လုပ်ငန်းလမ်းညွှန်ပါ အမှတ်စဉ်(၄)။ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲနေ့မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ မဲရုံတည်နေရာများကို ကြေညာရမည်။ မဲဆန္ဒနယ် တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းသာရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးကောက်ပွဲ ကျင်းပခြင်း မပြုတော့ဘဲ ထိုပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင် အဖွဲ့ခွဲက ကြေညာရမည်။ |
| ခ- မဲရုံသုံးပစ္စည်းများ<br>ဥပဒေ မူဘောင် - ရွေးကောက်ပွဲ<br>ဥပဒေများ ပုဒ်မ။ ။ ၃၆၊ ၃၇၊ ၃၈၊<br>၄၁ - နည်းဥပဒေများ ပုဒ်မ။ ။<br>၃၉(ခ) - မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်<br>မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်<br>၄၊ ရွေးကောက်ပွဲကော်မရှင်<br>မဲရုံမှူးလက်စွဲ ၁.၉။ | မဲရုံတွင် လိုအပ်သော ပုံစံများနှင့် ပစ္စည်းများမှာ<br>• မဲဆန္ဒရှင်စာရင်း၊<br>• မဲရုံများဆောက်လုပ်ရာတွင် လျှို့ဝှက် ဆန္ဒမဲပေးမှုကို မထိခိုက်စေရေးအတွက် လုံခြုံမှုရှိစေရန် စီစဉ်ထားရှိခြင်း၊<br>• ဆန္ဒမဲ လက်မှတ် ၅၀ပါ လက်မှတ်စာအုပ်များ အလုံအလောက်စီစဉ်ထားရှိမှု (မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်တိုင်းအတွက် ဆန္ဒမဲလက်မှတ် အလုံအလောက်ရှိရမည်)<br>• မဲပုံးများ<br>• ဖောင် ပုံစံ အမျိုးမျိုး<br>• ဆန္ဒပြုသည့် တံဆိပ်တုံးများ<br>• လျှို့ဝှက်မဲဆန္ဒပြုခန်းများ<br>• မင်ခံခွက်များ<br>• ချိတ်တံဆိပ်နှင့် ချိတ်တောင့်များ<br>• ဘောလ်ပင်များ<br>• အိတ်များ<br>• ဖယောင်းတိုင်နှင့် မီးခြစ်များ |
| ဂ- မဲရုံဝန်ထမ်းများ<br>ဥပဒေမူဘောင် - ရွေးကောက်ပွဲ<br>ဥပဒေများ ပုဒ်မ- ၃၉ -<br>နည်းဥပဒေများ ပုဒ်မ- ၃၉(ဂ) -<br>မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်<br>လုပ်ငန်းလမ်းညွှန်ပါ အမှတ်စဉ် (၅)<br>မှ (၁၀)၊ ရွေးကောက်ပွဲကောက်ရှင်<br>မဲရုံးမှူး လက်စွဲ ၁.၄ | မြို့နယ်ကော်မရှင် အဖွဲ့ခွဲသည် မဲရုံများကို ကြီးကြပ်ကွတ်ကဲရန် သင့်လျော်သော ဝန်ထမ်းများကို မဲရုံမှူး၊ ဒုတိယ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ဦးစားပေး အစီအစဉ်အတိုင်း ခန့်အပ်နိုင်သည်။<br>မဲရုံအဖွဲ့ဝင်များအဖြစ် ဝန်ထမ်းများအပြင် ယင်းမဲရုံမဲစာရင်းတွင် ပါဝင်ပြီးဖြစ်သည့် အများပြည်သူ ယုံကြည်လေးစားခြင်းခံရသော မဲဆန္ဒရှင် သို့မဟုတ် ယင်းမဲဆန္ဒနယ်မြေအတွင်းရှိ ဒေသခံ ပြည်သူများဖြင့် ကော်မရှင်က သတ်မှတ်ပေးသော ဦးရေအတွင်း ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။<br>မဲရုံဝန်ထမ်းများမှာ<br>• မဲရုံမှူး<br>• ဒုတိယ မဲရုံမှူး<br>• မဲဆန္ဒရှင်စာရင်းစစ်ဆေးသူ<br>• မဲလက်မှတ်ထုတ်ပေးသူ<br>• မဲရုံလုံခြုံရေး<br>• မင်သုတ်ပေးသူ တို့ဖြစ်ကြသည်။<br>မဲရုံနှင့်ပတ်သတ်သော ကိစ္စရပ်အားလုံးသည် မဲရုံမှူးတွင် တာဝန်ရှိသည်။ |

ဃ- မဲပေးခြင်း

ဥပဒေမူဘောင် - ရွေးကောက်ပွဲဥပဒေများ ပုဒ်မ။ ။ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ နည်းဥပဒေများ ပုဒ်မ ၄၁၊ ၄၆၊ ၄၇၊ ၅၀(ဂ) - မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန် ၅၊ ၆၊ ၇၊ ၈၊ ၉

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လျှို့ဝှက်မဲဆန္ဒပေးခြင်းကို အာမခံပေးထားသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများ ကျင်းပသည့်နေ့ကို သတ်မှတ်နိုင်ပြီး ထိုနေ့ကို အစိုးရ ရုံးပိတ်ရက် အဖြစ် သတ်မှတ်နိုင်သည်။ ဆန္ဒမဲပေးခြင်းကို ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုသော မဲဆန္ဒနယ်များအားလုံးတွင် ကျင်းပပြုလုပ်ရမည်။ သို့သော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် သဘာဝဘေးအန္တရာယ် တစ်ခုခုကြောင့် လည်းကောင်း၊ လုံခြုံမှုအခြေအနေ မရှိလျှင်သော် လည်းကောင်း ယင်းမဲဆန္ဒနယ်များအတွက် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။

ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရမည်။ မဲရုံမပိတ်မီ မဲရုံပရဝုဏ် အတွင်း၌ ဆန္ဒမဲပေးရန် ရောက်ရှိနေသူများအနက် ဆန္ဒမဲ မပေးရသေးသူများ ရှိပါက ယင်းတို့ကို စာရင်းကောက်ယူ၍ ထိုစာရင်းတွင် ပါဝင်သူများကိုသာလျှင် ဆန္ဒမဲပေးချိန်ကျော်လွန် ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့် ပြုရမည်။

၁. မဲဆန္ဒရှင်တစ်ဦး မဲရုံအတွင်းသို့ ဝင်ရောက်လာသောအခါ မဲရုံလုံခြုံရေးမှ ထိုသူ၏ ဘယ်ဘက်လက်သန်းအား မဲပေးပြီးခြင်း ရှိ/မရှိ စစ်ဆေးရမည်။
၂. ထို့နောက် မဲဆန္ဒရှင် စာရင်းစစ်ဆေးသူမှ ထိုမဲဆန္ဒရှင်၏ မှတ်ပုံတင်ကပ်ပြား၊ မဲဆန္ဒရှင်ဖြစ်ကြောင်း အသိအမှတ်ပြု စာရွက်၊ သက်သေများ) စသည်တို့နှင့် မဲစာရင်းကို တိုက်ဆိုင်စစ်ဆေး ရမည်။
၃. မဲလက်မှတ်ထုပ်ပေးသူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မလက်ဗွေနှိပ်ခြင်းပြုစေပြီးနောက် မဲလက်မှတ်ကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား ထုပ်ပေးရမည်။
၄. မဲလက်မှတ်ကိုရလျှင် ဆန္ဒမဲပေးသူသည် လျှို့ဝှက် ဆန္ဒပြုခန်း အတွင်းသို့ဝင်၍ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော လေးထောင့်ကွက် အတွင်း၌ အမှန် အမှတ်အသား ပါရှိသည့် တံဆိပ်တုံးကို နှိပ်၍ ဆန္ဒပြုရမည်။ ထို့နောက် ဆန္ဒမဲ လက်မှတ်အား ခေါက်၍ မဲပုံးထဲသို့ ထည့်သွင်းပါ။
၅. မဲဆန္ဒရှင် သည် အခြားလွှတ်တော်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်အား မဲပေးရာတွင် အလားတူ အစီအစဉ်အတိုင်း မဲပေးရမည်။
၆. မဲပေးခြင်း ပြီးစီးပါက မဲရုံမှ ပြန်လည်မထွက်ခွာမီ ထိုမဲဆန္ဒရှင်၏ လက်ဝဲဘက် လက်သန်းလက်သဲခွံ ပေါ်တွင် မင်တို့ပေးရန် (မှတ်ချက်။ ။ လက်သန်းမရှိပါက လက်ချောင်းတစ်ချောင်း၏ လက်သည်းခွံပေါ်တွင် မင်တို့ပေးရန်)။

ဆန္ဒမဲပေးသူသည် မဲလက်မှတ်ရှိ အမည်များကို မဖတ်တတ်လျှင်သော်လည်းကောင်း၊ ညွှန်ကြားထားသည့် အတိုင်း ဆန္ဒမဲ မပေးတတ်လျှင်လည်းကောင်း သက်ဆိုင်ရာမဲစာရင်း၌ ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကို မောင်နှမ အရင်းတစ်ဦးဦးသည် ဆန္ဒမဲပေးသူက ညွှန်ကြားသည့်အတိုင်း သတ်မှတ်ထားသော နေရာတွင် ဆန္ဒမဲလက်မှတ်၌ လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းပုဂ္ဂိုလ်များ မရှိခဲ့လျှင် မဲရုံမှူးသည် ယင်းပုဂ္ဂိုလ်များ ကိုယ်စားဆောင်ရွက်ပေးရမည်။

မဲရုံတွင် ဥပဒေမဲ့လုပ်ရပ်များဖြစ်ပေါ်လာခဲ့လျှင် မဲရုံမှူးက မဲပေးခြင်းကို ရပ်တန့်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပုံမှန်မဟုတ်မှုများဖြစ်ပေါ်နေသည်ဟု အကြောင်းကြားလာပါက မဲရုံမှူးသည် သက်ဆိုင်ရာအထက်အဆင့် ကော်မရှင်အဖွဲ့ခွဲများထံ ကြံပြုချက်တောင်းခံနိုင်ပြီး သတ်မှတ်ထားသည့်ပုံစံဖြင့် ထူးခြားဖြစ်ရပ်ကို မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ ပြင်းထန်သော ရာဇဝတ်မှု/ရွေးကောက်ပွဲရာဇဝတ်မှုစွပ်စွဲချက်များ သို့မဟုတ် တစ်စုံတစ်ဦးအား မဲရုံတွင်းမှ ဖယ်ရှားခြင်းများအတွက် မဲရုံးမှူးက ရဲအရာရှိထံ အကူအညီတောင်းခံ နိုင်သည်။ ထိုသို့အခြေအနေများဖြစ်လာပါ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက နောက်ထပ်ရွေးကောက်ပွဲနေ့နှင့် နေရာတို့ကို ကြေညာနိုင်ပြီး ပေးပြီးသားမဲများကို သိမ်းထားမည်ဖြစ်သည်။ ဖြစ်ပွားသည့်မဲရုံကို ပယ်ဖျက် ကြောင်းကြေညာနိုင်သည်။

စ- မဲရေတွက်ခြင်း

ဥပဒေမူဘောင် -
ရွေးကောက်ပွဲဥပဒေများ- ပုဒ်မ ၄၈
နည်းဥပဒေများ - အခန်း(၁၂)၊
ပုဒ်မ ၆၅၊ ၆၆၊ ၆၇၊ ၆၉
ယူအီးစီ (၁၁/၂၀၁၅)

မဲရုံကို ညနေ ၄ နာရီ သို့မဟုတ် မဲဆန္ဒရှင်းစာရင်းတွင် ပါဝင်သော မဲဆန္ဒရှင်များ အားလုံး ဆန္ဒမဲ ပေးပြီးလျှင် ပိတ်သိမ်းရမည်။ မဲရုံပိတ်ချိန် ညနေ ၄နာရီတွင် ဆန္ဒမဲ မပေးရသူများ မဲရုံပရဝုဏ် အတွင်း၌ ရှိသေးလျှင် ထိုသူများအား ဆန္ဒမဲပေးခွင့် ပြုရမည်။

ဆန္ဒမဲရေတွက်ခြင်း လုပ်ထုံးလုပ်နည်းများသည် လွှတ်တော်ရွေးကောက်ပွဲ၊ ပြည်နယ်/တိုင်း ဒေသကြီး နှင့် တိုင်းရင်းသား ကိုယ်စားလှယ် ရွေးကောက်ပွဲ များအားလုံးသည် တူညီကြသည်။ ဆန္ဒမဲရေတွက်ခြင်းကို မဲရုံမှူး သို့မဟုတ် မဲရုံဝန်ထမ်း၊ မဲရုံအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်လောင်းများ၏ အေးဂျင့်များ နှင့် မျက်မြင်သက်သေ ၁၀ဦး (မဲဆန္ဒရှင် ၄ ဦးနှင့် မဲရုံဝန်ထမ်း ၆ဦး) က ဆန္ဒမဲ လက်မှတ်များ ရေတွက်ရာတွင် ပါဝင်ကြမည်။ မျက်မြင်သက်သေအားလုံးသည် ပုံစံ(၁၆) ကို လက်မှတ်ရေးထိုးရမည်။

ဆန္ဒမဲရေတွက်ရန်အတွက် စားပွဲများကို အခန်း၏ အလယ်တွင် ခင်းကျင်းပြသထားရမည်။ မဲလက်မှတ်ထည့်သည့် ခြင်းတောင်းများကို ကိုယ်စားလောင်းတစ်ဦးစီအတွက် စီစဉ်ထားရမည်။ ရေတွက်ပြီးသည့် ဆန္ဒမဲလက်မှတ်နှင့် မရေတွက်ရသေးသည့် ဆန္ဒမဲလက်မှတ် ခွဲခြား ထည့်ရန် ခြင်းတောင်းများကို စီစဉ်ထားရမည်။ မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များကို မရေတွက်မီ မဲရုံမှူးသည် လက်ဝယ်တွင် ကျန်ရှိသော အသုံးမပြုရသေးသည့် မဲလက်မှတ်များကို ရေတွက်ရမည်။ အသုံးမပြုရသေးသော ဆန္ဒမဲလက်မှတ်များကို ပယ်ဖျက်၍ ပုံစံ (၁၆-က)ဖြင့် မှတ်တမ်းတင်ရမည်။ မဲရုံးမှူး လက်မှတ်ရေးထိုးထားသော အသုံးမပြုရသေးသော ဆန္ဒမဲလက်မှတ်များ အားလုံးကို ပယ်ဖျက်ရမည်။

၁. ချိတ်ပိတ်ထားသော စည်းများကို မခွာမီ စည်းတံဆိပ်တွင်ပါရှိသော နံပါတ်စဉ်ကို ပြသရမည်။ မဲပုံးများအားလုံးကို မျက်မြင်သက်သေများ၊ ပါတီအေးဂျင့်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား လုံး၏ ရှေ့မှောက်တွင် ဖွင့် ရမည်။ စောင့်ကြည့်လေ့လာသူ များသည် မဲပုံးမဖွင့်မီ စည်းတံဆိပ်တွင်ပါရှိသည့် နံပါတ်စဉ်များကို စစ်ဆေး၍ မှတ်တမ်းတင်ထားနိုင်သည်။

၂. ပထမဦးစွာ စုစုပေါင်း ရရှိထားသော ဆန္ဒမဲများကို ရေတွက်ရမည် ထို့နောက် မဲရုံမှူးသည် ထုပ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ကိုက်ညီမှုရှိမရှိ တိုက်ဆိုင်စစ်ဆေး၍ ပုံစံ (၁၆) နှင့် ပုံစံ (၁၆-က) တို့ဖြင့် မှတ်တမ်းတင်ရမည်။

၃. ကြိုတင်ဆန္ဒမဲများကို ဦးစွာရေတွက်ရမည်။ ထို့နောက် ပြည်သူ့လွှတ်တော်၊ ထို့နောက် အမျိုးသားလွှတ်တော်၊ ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်နှင့် တိုင်းရင်းသား ကိုယ်စားလှယ်များရှိပါက အစဉ်အလိုက် ရေတွက်ရမည်။

၄. မဲရုံမှူးသည် ဆန္ဒမဲ လက်မှတ်တစ်ခုစီတိုင်းအား စစ်ဆေးရမည်။ ခိုင်လုံမဲများကို ကိုယ်စားလှယ်လောင်းများအတွက် သတ်မှတ်ထားသည့် ခြင်းတောင်းများထဲသို့ ထည့်သွင်းရမည်။ ပယ်မဲများကို ပုံစံ(၁၇) နှင့် ပုံစံ(၁၇-က) တို့ဖြင့် မှတ်တမ်းတင်၍ မဲရုံမှူးမှ လက်မှတ်ရေးထိုးရမည်။

၅. မဲရုံမှူးသည် မဲပုံးအတွင်း၌ရှိသော ဆန္ဒမဲလက်မှတ်များနှင့် ထုပ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက် တူညီမှုရှိ/မရှိ ဦးစွာ စစ်ဆေးသင့်သည်။ ထို့နောက် ပုံစံ(၁၆) နှင့် ပုံစံ (၁၆-က) တို့ဖြင့် မှတ်တမ်းတင်ပါ။ ပယ်မဲအရေအတွက်ကို ပုံစံ (၁၇) နှင့် ပုံစံ(၁၇-က) တို့ဖြင့် မှတ်တမ်း ပြုလုပ်ရမည်။ ထို့နောက် မဲရုံမှူးမှ လက်မှတ်ရေးထိုးရမည်။

| | |
|---|---|
| | ၆. ကိုယ်စားလှယ်လောင်းတစ်ဦးစီတိုင်းအတွက် ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည်။ ဆန္ဒမဲ ၁၀ စီဖြင့် အမြန်ရေတွက်ရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်တိုင်းတွင် အမှတ်စဉ် ထည့်သွင်းရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီမှ ရရှိသော မဲအရေအတွက်ကို သီးခြား စာရွက်ဖြင့် မှတ်တမ်းတင်ရမည်။<br>၇. မဲရုံမှူး၊ ဒုတိယ မဲရုံမှူး၊ မဲရုံဝန်ထမ်း နှင့် မျက်မြင်သက်သေ ၄ ဦးတို့မှ လက်မှတ်ထိုးထားသော ပုံစံ(၁၆) နှင့် ပုံစံ(၁၆-က) ကို မိတ္တူ ငါးစောင် ပြုစုရမည်။ ထို့နောက် မြို့နယ်ကော်မရှင်ခွဲ သို့တစ်စုံ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင် သို့ နှစ်စုံ၊ မဲရုံ တစ်စုံ နှင့် မဲရုံတွင်ပြသရန် တစ်စုံကို ဖြန့်ဝေပါ။<br>၈. ဆန္ဒမဲလက်မှတ်များကို အိတ်များထဲသို့ ထည့်သွင်းပါ (က) ခိုင်လုံသော ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် မဲရုံမှ ရရှိသော ဆန္ဒမဲလက်မှတ်များ အတွက် အိတ်တစ်လုံး (ခ) ပယ်မဲလက်မှတ်များ အတွက် အိတ်တစ်လုံး (ဂ) အသုံးမပြုရသေးသည့် ဆန္ဒမဲလက်မှတ်များ၊ ပုံစံ (၁၆)၊ပုံစံ (၁၇)၊ ပုံစံ (၁၇-က) နှင့် ကြိုတင်ဆန္ဒမဲ လက်ခံဖြတ်ပိုင်း များအတွက် အိတ်တစ်လုံး။ ထိုအိတ်သုံးအိတ်ကို ချိတ်ပိတ်ရမည်၊ အိတ်တစ်ခုစီတိုင်းတွင် ကိုယ်စားလှယ်လောင်းများ၏ အမည်၊ မဲဆန္ဒနယ်အမည်၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်ခွဲ နှင့် မဲရုံအမှတ် တို့ကို ရှင်းလင်းစွာ ရေးသားဖော်ပြထားရမည်။<br>၉. ယင်းအိတ်သုံးအိတ်ကို (က မှ ဂ) များ အားလုံးကို အထုတ်ကြီးတစ်ထုတ်(ဃ) ထဲသို့ အတူတကွ ထည့်သွင်းရမည်။ ထို့နောက် မြို့နယ်ကော်မရှင် ခွဲထံသို့ပေးပို့ရမည်။ မဲရေတွက်မှုဖြစ်စဉ်တစ်ခု လုံးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး၊ ကိုယ်စားလှယ်လောင်းများ၏ အေးဂျင့်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ အားလုံးသည် ဆန္ဒမဲလက်မှတ်များ၊ မဲပုံးများ ချိပ်ပိတ်ထားခြင်းရှိ၊ မရှိ နှင့် ပို့ဆောင်ရာတွင် အိတ်များကို ချိပ်ပိတ်ထားခြင်းရှိ/မရှိ ကြည့်ရှုနိုင်သည်။ မဲရေတွက်ရာတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ မြင်သာထင်သာရှိစေရန် ပြုလုပ်ပေး ရမည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲသည် (မဲဆန္ဒနယ်အတွင်းရှိနှင့် ရွေးကောက်ပွဲနေ့တွင် ညနေ ၄ နာရီအထိ) ကြိုတင်ပေးထားသော ဆန္ဒမဲ လက်မှတ်များကို လက်ခံရရှိမည်။ ကြိုတင် ဆန္ဒမဲပေးခြင်းမှ ရရှိသော မဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်း များရရှိမည်ဖြစ်ပြီး သက်သေ များ နှင့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ မှ ပုံစံ (၁၈) ဖြင့် မှတ်တမ်းရ ယူမည်။ |
| ဆ- မြို့နယ်အဆင့်တွင် မဲရလဒ်များဖြည့်သွင်းခြင်း<br><br>ဥပဒေမူဘောင် - ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ။ ။ ၄၈ + နည်းဥပဒေများ ပုဒ်မ။ ။ ၆၇၊ ၆၈ + မြို့နယ်ကော်မရှင်ခွဲများအတွက် လုပ်ငန်းလမ်းညွှန် | မဲရုံတွင် ပုံစံ (၁၆)၊ (၁၆-က) တို့ဖြင့်ဖြည့်သွင်းထားသည့် ရလဒ်များကို မြို့နယ်ကော်မရှင်ရုံး၌ ကိုယ်စားလှယ် လောင်းများ၏ ကိုယ်စားလှယ်များရှေ့မှောက်တွင် စုစည်းရမည်။ ပုံစံ (၁၆) နှင့် ပုံစံ (၁၆-က) တို့ဖြင့်ဖြည့်သွင်း ထားသည့် ရလ်များ၊ ပုံစံ ၁၈ နှင့် ပုံစံ ၁၈ (က) ဖြင့်ဖြည့်သွင်းထားသည့် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲရလဒ်များကို မြို့နယ်ကော် မရှင်အဖွဲ့ခွဲ့က ပုံစံ ၁၉<br>တွင် စုစည်းဖြည့်သွင်းရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပုံစံ (၁၉) ဖြင့် ရလဒ်များကို ကြေညာပြီး သက်ဆိုင်ရာ ခရိုင်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ နေပြည်တော်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်ဖြစ်သည်။ |

| | |
|---|---|
| ဇ- ခရိုင်ကော်မရှင်အဖွဲ့ခွဲ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ/တိုင်းကော်မရှင်အဖွဲ့ခွဲ/နေပြည်တော်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲတို့တွင် မဲရလဒ်များ ဖြည့်သွင်းခြင်း<br>ဥပဒေမူဘောင်-<br>ရွေးကောက်ပွဲဥပဒေ ၄၈၊<br>ရွေးကောက်ပွဲနည်းဥပဒေ ၆၈ | ဖြည့်သွင်းထားသည့် မဲရလဒ်များကို ပြည်နယ်/တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲထံပေးပို့ပြီး ပြည်နယ်/တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက အနိုင်ရသည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို တရားဝင်ကြေညာမည်ဖြစ်သည်။ အမျိုးသားလွှတ် တော်ရလဒ်များကိုများပြည်နယ်/တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲသို့ မပို့မီ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် စုစည်းပြီး ထိုမှတစ်ဆင့် ပေးပို့သွားမည်ဖြစ်သည်။ မဲရလဒ်နောက်ဆုံးကြေညာ ရမည့်ရက်ကို ဥပေဒအရ သို့မဟုတ် စည်းမျဉ်းများအရ ကြေညာထားခြင်းမရှိပေ။ |
| ဈ- ရွေးကောက်ပွဲရလဒ်များ ကြေညာခြင်း<br><br>ဥပဒေမူဘောင်-<br>ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉၊<br>ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၇၂ | ဖြည့်သွင်းထားသည့် မဲရလဒ်များကို ပြည်နယ်/တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲထံပေးပို့ပြီး ပြည်နယ်/တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက အနိုင်ရသည့်လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်ကို ကြေညာမည်ဖြစ်သည်။ အမျိုးသားလွှတ် တော်ရလဒ်များကိုမူ ပြည်နယ်/တိုင်းဒေသ ကြီးကော်မရှင်အဖွဲ့ခွဲသို့ မပို့မီ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် စုစည်းပြီး ထိုမှတစ်ဆင့် ပေးပို့သွားမည်ဖြစ်သည်။<br><br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုလွှာထုတ်ပြန်သွားမည်ဖြစ်သည်။ တရားဝင်ရလဒ်များကို နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်သွားမည်ဖြစ်သည်။ |
| ည- ရွေးကောက်ပွဲရလဒ်များအပေါ် အယူခံဝင်ခြင်း<br><br>ဥပဒေမူဘောင်- ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ။ ။ ၃၉၉ + ရွေးကောက်ပွဲ ဥပဒေများ ပုဒ်မ။ ။ ၆၇၊ ၆၈ + နည်းဥပဒေများ - အခန်း(၁၄)၊ ပုဒ်မ။ ။ ၈၇၊ ၈၈၊ ၈၉ | ရွေးကောက်ပွဲ ရလဒ်များအား ကြေညာပြီးနောက် ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်တစ်ဦးအား ရွေးကောက်ပွဲဥပဒေ အခန်း ၁၄ တွင် ပြဋ္ဌာန်းထားသကဲ့သို့ (ဥပမာ-ရွေးကောက်ပွဲရန်ပုံငွေ၊ လာဘ်ပေးလာဘ်ယူမှု၊ ဥပဒေပမဲဆွယ်ခြင်း)ကဲ့သို့ ဥပဒေနှင့်မညီသော လုပ်ဆောင်မှုများကြောင့် ကန့်ကွက်လိုလျှင် ၄၅ ရက်တွင်း မဲဆန္ဒရှင် တစ်ဦးဦးကသော်လည်းကောင်း၊ ကိုယ်စားလှယ်လောင်း တစ်ဦးဦးကသော် လည်းကောင်း၊ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်လောင်းကသော်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံသို့ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။ ကန့်ကွက်သူတစ်ဦးချင်းအလိုက် ငွေကျပ်ငါးသိန်းစီ ပေးသွင်းရမည်။<br><br>ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကော်ပွဲ ခုံအဖွဲ့ကို ဖွဲ့စည်း၍ ကန့်ကွက်လွှာများကို စိစစ်ဆုံးဖြတ်ရမည်။ ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ၁၅ ရက်တွင်းအယူခံလွှာ တင်သွင်းနိုင်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်ပြီး ထပ်မံ အယူခံပိုင်ခွင့်မရှိ။ အယူခံလွှာအတွက် ငွေကျပ် ငါးသိန်း ပေးသွင်းရမည်။ |

# မဲရေတွက်ခြင်းနှင့် ရလဒ်များကို စာရင်းသွင်းခြင်း

### ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

- အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း
- အနိုင်ရ ကိုယ်စားလှယ်လောင်းများကိုကြေညာခြင်း
- ရလဒ်များကို နိုင်ငံတော် ပြန်တမ်းဖြင့် ထုတ်ပြန်ခြင်း

### ပြည်နယ်/တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်

- ရလဒ်ကို စစ်ဆေးပြီး ပြည်သူ့လွှတ်တော်အတွက် ရလဒ်များတရားဝင် ထုတ်ပြန်ခြင်း
- ရလဒ်ကို စစ်ဆေးပြီး အမျိုးသားလွှတ်တော်အတွက် ရလဒ်များ တရားဝင် ထုတ်ပြန်ခြင်း
- ရလဒ်ကို စစ်ဆေးပြီး ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်အတွက် ရလဒ်များတရားဝင် ထုတ်ပြန်ခြင်း

### ခရိုင် ရွေးကောက်ပွဲကော်မရှင်

ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် ရလဒ် များကို ပုံစံ ၁၉ နှင့် ၁၉(က) တို့ဖြင့် လက်ခံ

### ခရိုင် ရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော် ရလဒ်များကို ပုံစံ ၁၉ ဖြင့် လက်ခံ

### ခရိုင် ရွေးကောက်ပွဲကော်မရှင်

- ပုံစံ ၁၉ မှ ရလဒ်များကို ပုံစံ ၁၉(က) နှင့် ပုံစံ ၁၉ (ခ) သို့ ဖြည့်သွင်း
- ခရိုင်တစ်ခုထက်ပိုသော အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များအတွက် ပုံစံ ၁၉ (ခ) ကို သုံးသည်။

### မြို့နယ် ရွေးကောက်ပွဲကော်မရှင်

- ကြိုတင်မဲများ ရေတွက်( မဲဆန္ဒနယ်ပြင်ပနှင့် နိုင်ငံပြင်ပ)
- ပုံစံ ၁၈ နှင့် ၁၈ (က)များပြင်ဆင်
- မဲရုံတွင်မဲပေးသည့် ရလဒ်များဖြည့်သွင်းထားသည့် ပုံစံ ၁၆ နှင့် ၁၆ (က)၊ ကြိုတင်မဲများကိုဖြည့်သွင်းထားသည့် ပုံစံ ၁၈နှင့် ၁၈ (က) များအား ပုံစံ ၁၉ တွင်းသို့ ဖြည့်သွင်း

### မဲရုံမှူး

- မဲပေးခြင်းနှင့် မဲရေတွက်ခြင်းတို့ကို ပြင်ဆင်ဆောင်ရွက်
- ကြိုတင်မဲများကို ရေတွက် (မဲဆန္ဒနယ်တွင်း)
- ပုံစံ ၁၆ နှင့် ၁၆ (က)တို့ကို ပြင်ဆင်
- မဲရုံတွင် မဲရလဒ်များကို ထုတ်ပြန်

### ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲ

- မဲစာရင်းပြင်ဆင်
- မဲရုံသို့ မဲရုံသုံးပစ္စည်းများနှင့် ပုံစံစာရွက်များပြင်ဆင်ပေးခြင်း
- မဲရုံမှရလဒ်များကို ပုံစံ ၁၆ နှင့် ပုံစံ ၁၆ (က) တို့ဖြင့် ထုတ်ပြန်

# စိစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း

| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ် လောင်းကိုယ်စားလှယ်များ၏ အခွင့်အရေးများ<br><br>ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၉၊ ၄၀၊ ၄၈။<br>ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ၂၃၊ ၄၅၊ ၅၁၊ ၇၁။ | လွှတ်တော်ကိုယ်စားလှယ်တိုင်းသည် ရွေးကောက်ပွဲဥပဒေအရ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်များကို ခန့်ထားနိုင်သည်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် UEC တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း လွှတ်တော်ကိုယ်စားလှယ်လောင်းကို ကိုယ်စားပြုနိုင်ခွင့်၊ မဲရေတွက်မှုကို လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်စား ကြည့်ရှုနိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ်တို့သည် မှတ်ပုံတင်ထားသောမဲဆန္ဒရှင်များဖြစ်ပြီး ယင်းသို့ခန့်ထားခြင်းကို သဘောတူညီရမည်။ မဲရုံကိုယ်စားလှယ်သည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ ထံမှ အသိအမှတ်ပြုလွှာရရှိရမည်။<br><br>ယင်းတို့၏ စောင့်ကြည့်နိုင်သောအခွင့်အရေးများကို ဥပဒေတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။<br>• ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မဲရုံတွင် တည်ရှိနေနိုင်ခွင့် ရှိသည်။ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းကို စောင့်ကြည့်နိုင်ခွင့်ရှိသည်။<br>• ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းကို<br>• စောင့်ကြည့်ခွင့်ရှိသည်။<br>• ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မဲရေတွက်မှု ပြုလုပ်နေစဉ်အတွင်း ပယ်မဲများ<br>• (တရားမဝင်ဟု ဆုံးဖြတ်ခြင်းခံရသောမဲများ) ကို ကြည့်ရှုပိုင်ခွင့်ရှိသည်။<br>• ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မဲရေတွက်သည့် လုပ်ငန်းစဉ်တွင် ဝင်ရောက်ကူညီ ခွင့်ရှိသည်။ မဲရုံတွင် မဲပေးခြင်းလုပ်ငန်းစဉ် ရပ်ဆိုင်းရလျှင် မြို့နယ်ကော်မရှင်ခွဲသို့ ပုံစံ (၁၆) တင်ပြခြင်းတွင် ဝင်ရောက်ကူညီလုပ်ဆောင်ခွင့်ရှိသည်။<br>လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်း တင်သွင်းချိန် တွင်လည်းကောင်း၊ မဲရုံတွင်လည်းကောင်း ရွေးကောက်ပွဲ ကိုယ်စားလှယ်များကို ခန့်ထားနိုင်သည်။ ရွေးကောက်ပွဲဥပဒေတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေးများကို ဖော်ပြထားခြင်း မရှိပါ။ |
| ဘက်လိုက်မှုမရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေး များနှင့် လိုက်နာရမည့်အချက်များ<br>ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀၊<br>နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအတွက် လုပ်ငန်းစဉ်များ ၂၉၊ ၃၀၊<br>နိုင်ငံတကာစောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ်များ ၂၉-၃၁<br>ပြည်တွင်း စောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ်များ<br>ရပ်/ကျေး ကော်မရှင် လုပ်ငန်းလမ်းညွှန်၆၄ | ရွေးကောက်ပွဲဥပဒေများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေးများ မပါရှိသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများလိုက်နာရမည်ကျင့်ဝတ်များ ကို ထုတ်ပြန်ထားသည်။<br><br>မဲရုံမှူးအတွက် လုပ်ငန်းလမ်းညွှန်များတွင် ဖော်ပြချက်အရ ရွေးကောက်ပွဲ စောင့်ကြည့်သူများသည် မဲပေးမှုလုပ်ငန်းစဉ်ကို အဟန့်အတားမဖြစ်သမျှ ကာလပတ်လုံး  မဲရုံမှူးသည် ယင်းတို့ကို မဲရုံအတွင်းသို့ ဝင်ခွင့်ပြုရမည်။ မြို့နယ်ကော်မရှင်ခွဲအတွက် လုပ်ငန်းလမ်းညွှန်များတွင် ဖော်ပြထားချက်အရ  ရွေးကောက်ပွဲနေ့တွင် ညနေ ၄ နာရီမတိုင်မီ ရောက်ရှိလာသော ကြိုတင်မဲများ ရေတွက်ခြင်းကို စောင့်ကြည့်ရန် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများကိုခွင့်ပြုရမည်။ |

| | |
|---|---|
| အသိအမှတ်ပြုကတ်ပြား လျှောက်ထားခြင်း လုပ်ငန်းစဉ်<br><br>ပြည်တွင်းစောင့်ကြည့် လေ့လာသူများအတွက် လုပ်ငန်းစဉ် ၁၄-၂၀ | ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာစောင့်ကြည့် လေ့လာသူများ UEC ထံတွင် အသိအမှတ်ပြုကတ်ပြားလျှောက်ထားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ သူများလိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်သည်။ ရွေးကောက်ပွဲစောင့် ကြည့်လေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များတွင် မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များဖြည့်သွင်းခြင်းတို့ကိုကြည့်ရှုခြင်း တို့အပါအဝင် စောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေးများနှင့် တာဝန်များပါဝင်ပြီး မြန်မာနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာ ရမည်ဖြစ်သလို မိမိတို့၏တွေ့ရှိချက်များကိုလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော် မရှင်သို့ တင်ပြရမည်ဖြစ်သည်။ အကယ်၍ အဖွဲ့အစည်းတစ်ရပ်သည် တာဝန်များအား ချိုးဖောက်သည်ကိုတွေ့ရှိပါက အသိအမှတ်ပြုခြင်းကို ပယ်ဖျက်မည်။ လူပုဂ္ဂိုလ်နစ်ဦး ချင်းအနေဖြင့် လျှောက်ထားနိုင်သည့် သံတမန်များ သို့မဟုတ် ကောင်စစ်ဝန်များမှအပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် အဖွဲ့အစည်းလိုက်သာ လျှောက်ထားရမည်။<br><br>ပြည်တွင်းစောင့်ကြည့်လေ့လာသူများအတွက် အသိအမှတ်ပြုရန် လျှောက်ထားခြင်းလုပ်ငန်းစဉ်သည် ယင်းတို့ စောင့်ကြည့် လေ့လာလိုသည့် နယ်ပယ်များအပေါ် မူတည်သည်။ ပြည်တွင်းစောင့်ကြည့်လေ့လာသူများသည် "ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် လျှောက်လွှာ" ကိုဖြည့်သွင်းပြီး<br><br>(က) အကယ်၍ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်လိုလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် လျှောက်ထားရမည်၊<br><br>(ခ)အကယ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်၊<br><br>(ဂ) အကယ်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ် တစ်မြို့နယ်ထက် ပို၍ စောင့်ကြည့်လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့တွင် လျှောက်ထားရမည်၊<br><br>(ဃ) အကယ်၍ မြို့နယ်တစ်ခုတည်းတွင် စောင့်ကြည့်လေ့လာမှု ပြုလိုပါက သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။ |

| | |
|---|---|
| နိုင်ငံတကာစောင့်ကြည့်လေ့လာသူများအတွက် လုပ်ငန်းစဉ် ၁၄-၂၁ | နိုင်ငံတကာစောင့်ကြည့်လေ့လာသူများသည် အသိအမှတ်ပြုရန် လျှောက်ထားခြင်းမပြုမီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နားလည်မှုစာချွန်လွှာအား ဦးစွာ သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ရမည်။ အသိအမှတ်ပြုရန်လျှောက်ထားသောအခါ နိုင်ငံတကာ စာင့်ကြည့်လေ့လာသူ အဖွဲ့အစည်းများသည် ပြည့်စုံစွာ ဖြည့်စွက်ပြီး လက်မှတ်ရေးထိုးထားသော "နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းအတွက် လျှောက်လွှာ ပုံစံ" ကို နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အပိုဒ်ခွဲ ၁၉ တွင် ဖော်ပြထားသည့် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ တင်ပြရမည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တင်သွင်းလာသော အချက်အလက်များကို သက်ဆိုင်ရာသံရုံးများ၊ ရွေးကောက်ပွဲစီမံခန့်ခွဲရေး အဖွဲ့များ (EMBs)၊ လျှောက်လွှာတွင် ကိုးကားဖော်ပြထားသော အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုက်ဆိုင်စိစစ်နိုင်သည်။ နောက်ဆုံးသတ်မှတ်ရက်များ။ အသိအမှတ်ပြုရန် လျှောက်လွှာကို ပြည်ထောင်စုရွေးကောက်ပွဲ‌ေ ကာ်မရှင်က ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက် ကြေညာပြီးသည့်နေ့မှစ၍ ရွေးကောက်ပွဲ မကျင်းပမီ(၁၅) ရက်အလိုအထိ လျှောက်ထားနိုင်သည်။<br>(က) သက်ဆိုင်ရာ ကော်မရှင်များသည် စောင့်ကြည့် လေ့လာသူများက တင်သွင်းလာသော စာရွက်စာတမ်းများကို လက်ခံရရှိချိန်မှစ၍ ၃ ရက်အတွင်း စိစစ်ရမည်။<br>(ခ) စာရွက်စာတမ်းများ မပြည့်စုံသော ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများအား စာရွက်စာတမ်းများပြည့်စုံစွာဆောင်ရွက်ရန် အတွက် အကြောင်းကြားစာ ရရှိသည့် နေ့ရက်မှစ၍ (၅) ရက် အချိန်ပေးရမည်။<br>(ဂ) ပြီးပြည့်စုံသော လျှောက်ထားလွှာများကို စိစစ်ပြီးသည့်နေ့မှစ၍ (၇) ရက်အတွင်း အကြောင်းပြန်ကြားရမည်။ |
| အခြားသော ပွင့်လင်းမြင်သာရေးဆောင်ရွက်မှုများ<br><br>ရွေးကောက်ပွဲဥပဒေ- ၄၈၊<br>ရွေးကောက်ပွဲနည်းဥပဒေ- ၆၆၊ ဂ<br><br>မဲရုံမှူးလုပ်ငန်းလမ်းညွှန်- ၈၊၁၇<br>မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်- ၃၄-ဂ | မဲရုံဝန်ထမ်းများအတွက် လမ်းညွှန်ချက်များအရ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ အသိအမှတ်ပြုခံထားရသော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို မဲရုံအတွင်းသို့ ဝင်ခွင့်ပြုရမည်။ ထို့အပြင်၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ စောင့်ကြည့် လေ့လာသူများနှင့်မဲဆန္ဒရှင် ၄ ဦးတို့သည် မဲရုံတွင် မဲရေတွက်ခြင်းကို စောင့်ကြည့်ရမည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲများ ရေတွက်ခြင်းကိုလည်း စောင့်ကြည့်နိုင်သည်။<br>ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက် တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တရားဝင်ကြေညာပြီးသည့်မှ ၃၂ ရက် နောက်ပိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများတွင် ကပ်ထားသော ရွေးကောက်ပွဲ ကုန်ကျစရိတ် ပုံစံ (၂၀) ၏မိတ္တူကို ဝယ်ယူနိုင်သည်။ |

# ရွေးကောက်ပွဲအငြင်းပွားမှု ဖြေရှင်းခြင်း

ရွေးကောက်ပွဲဖြစ်စဉ်နှင့်ပတ်သက်ပြီးတိုင်ကြားမှုများနှင့် အယူခံမှုများ

ရွေးကောက်ပွဲဥပဒေမှုဘောင်များကို ကျူးလွန်ချိုးဖောက်မှုများအတွက်စွပ်စွဲချက်များကို တိုင်ကြားသူများအတွက် နောက်ဆုံးသတ်မှတ်ရက်များ နှင့် တိုင်ကြားသည့်ပုံစံများအပါအဝင် ကွဲပြားခြားနားသော စည်းမျဉ်းများ လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံ၍ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အောက်ပါတို့သည် တိုင်ကြားနိုင်သောအကြောင်းအရာများဖြစ်ကြသည်။

- ကိုယ်စားလှယ်လောင်းရွေးကောက်ပွဲဝင်ခွင့်
- တရားမဝင်မဲဆွယ်ခြင်း
- အမုန်းပွားစေသောစကားများပြောဆိုခြင်း နှင့် အကြမ်းဖက်မှုများကိုလှုံ့ဆော်ခြင်း
- မဲပေးစဉ်နှင့် မဲရေတွက်စဉ်အတွင်းမမှန်မကန်ဖြစ်မှုများ - လိမ်လည်ခြင်း၊ မမှန်မကန်ပြုမူခြင်း၊ ခြိမ်းခြောက်ခြင်း
- ရွေးကောက်ပွဲအသုံးစရိတ်များ
- မဲဆန္ဒရှင်စာရင်း

ဥပဒေမှုဘောင် -
ဖွဲ့စည်းပုအခြေခံဥပဒေ- ၂၇၆၊ ၃၉၉။
ပြည်ထောင်စုရွေးေ ကာက်ပွဲကော်မရှင်ဥပဒေ- ၁၀(ဇ)(ဈ) (ည)၊ ၁၁
ရွေးကောက်ပွဲဥပဒေ- ၅၃၊ ၅၄။
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများဖြေရှင်းခြင်း။

ရွေးကောက်ပွဲဥပဒေမှုဘောင်များကို ကျူးလွန်ချိုးဖောက်မှုများအတွက် တိုင်ကြားမှုများနှင့် အယူခံဝင်ခြင်းများကို အောက်ပါအဖွဲ့အစည်းများက ကိုင်တွယ်ဖြေရှင်းမည်။

- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအဆင့်ဆင့်
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)
- ပြစ်မှုဆိုင်ရာလုပ်ပိုင်ခွင့်ရှိသူအာဏာပိုင်များ( ရဲ နှင့် ပြစ်မှုဆိုင်ရာတရားရုံးများ )

UEC သို့မဟုတ် ပြစ်မှုဆိုင်ရာတရားရုံး၏ တရားစီရင်ပိုင်ခွင့် (တိုင်ကြားမှုအပေါ် ဆုံးဖြတ်မှုပြုနိုင်သောအာဏာ) ကို စွပ်စွဲမှုအမျိုးအစား နှင့် တိုင်ကြားမှုပြုသောကာလတို့ကဆုံးဖြတ်သည်။ ရွေးကောက်ပွဲဥပဒေ အပိုဒ် ၅၄ အရ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်စေရန်အတွက် လိုအပ်သည်များဆောင်ရွက်နိုင်သည့် အခွင့်အာဏာကို UEC သို့ ပေးအပ်ထားသည်။ ယင်းလုပ်ပိုင်ခွင့်တွင် ရွေးကောက် ပွဲဆိုင်ရာ ခုံရုံဖွဲ့စည်းခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ကိုင်တွယ်ခြင်းကို ခွင့်ပြုထားသည်။ ၂၀၁၅ ခုနှစ် ဖွန်လ ၁၂ ရက်နေ့တွင် UEC သည် ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းရေး အခြား နည်းလမ်းတစ်ရပ်အဖြစ် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီများသည် နားလည်မှုလွဲမှားခြင်းများ၊ ပြဿနာများ သို့မဟုတ် ပြည်ထောင်စု အဆင့်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်များအားလုံးတွင် ဖြေရှင်းနိုင်ရန် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများပါရှိသည်။ ယင်းကော်မတီများသည် ရွေးကောက်ပွဲမတိုင်မီကာလနှင့် ရွေးကောက်ပွဲနေ့ရှိကိစ္စရပ်များကို ကိုင်တွယ် ဆောင်ရွက်သည်။

ရွေးကောက်ပွဲကာလအတွင်း တိုင်ကြားမှုများ
ဥပဒေမှုဘောင် -
ရွေးကောက်ပွဲဥပဒေ ၁၇၊ ၁၈၊ ၂၇၊ ၅၃၊
နည်းဥပဒေ ၁၁ (က) (ဂ)၊ ၁၂

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း-** မဲဆန္ဒရှင်စာရင်းတွင် ချန်လှပ်ထားခြင်းခံရလျှင် သို့မဟုတ် မှားယွင်း သောရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများ အောက်တွင် ထည့်သွင်းထားရှိခြင်းများခံရလျှင် မဲဆန္ဒရှင်များသည် တို င်ကြားနိုင်သောအခွင့်အရေးရှိသည်။ ထည့်သွင်းပေးရန်တောင်းဆိုချက်ကို ပုံစံ (၃) ဖြင့် ပြုလုပ်ရမည်။ ပြင်ဆင်ရန်တောင်းဆိုချက်ကို ပုံစံ (၄-ဂ) ဖြင့် ပြုလုပ်ရမည်။ မဲဆန္ဒရှင်စာရင်းမှ မဲဆန္ဒရှင်တစ်ဦးကိုပယ်ဖျက်ပေးရန် တောင်းဆိုမှုကို ကန့်ကွက်ခြင်းဟုခေါ်ပြီးပုံစံ (၄)ကိုအခြေခံပြုလုပ်ရမည်။

အပြီးသတ်မဲဆန္ဒရှင်စာရင်းကြေညာပြီးနောက် ၁၄ ရက်မတိုင်မီအထိ တောင်းဆိုချက်/ကန့်ကွက်ချက်/ ပြင်ဆင်ချက် တို့ကို ပြုလုပ်နိုင်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာကော်မရှင်အဖွဲ့ခွဲ သည် ဆုံးဖြတ်ချက်ကို ၇ ရက်အတွင်း ထုတ်ပြန်ရမည်။ ရပ်ကွက်/ကျေး ရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ဆုံးဖြတ်ချက်ပြုပြီးနောက် ၃ ရက်အတွင်း ယင်းဆုံးဖြတ်ချက်အတွက် အယူခံကို မြို့နယ်ကော်မရှင်ပဖွဲ့ခွဲသို့ တင်ပြနိုင်သည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အဆုံးအဖြတ်များသည် အပြီးသတ်ဖြစ်သည်။ တိုင်ကြားခနှင့် အခြားအဖိုးအခများပေးရန် မလိုအပ်ပါ။

| | |
|---|---|
| ဥပဒေမူဘောင် -<br>ရွေးကောက်ပွဲဥပဒေ-၂၅ (ခ)၊<br>၅၃။<br>ရွေးကောက်ပွဲနည်းဥပဒေ<br>၃၁၊ ၃၂။ | **လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းဆိုင်ရာတိုင်ကြားမှုများနှင့် အယူခံဝင်ခြင်းများ-** လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်း စွပ်စွဲလျက် ထိုကိုယ်စားလှယ် ရွေးကောက်ခံမည့် မဲဆန္ဒနယ်မှ မည်သည့်လွှတ်တော်ကိုယ်စား လှယ်လောင်းမဆို သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ကန့်ကွက်နိုင်သည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် စိစစ်သည့် နေ့ရက်၊ အချိန်တွင် ယင်းကန့်ကွက်လိုက်ကို တင်ပြရမည်။ (ချွင်းချက်အဖြစ် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲတွင် ကန့်ကွက်မှုပြုနိုင်သည်။)<br><br>လွှတ်တော်ကိုယ်စားလှယ်လောင်းလျှောက်လွှာကိုလက်ခံရန် သို့မဟုတ် ပယ်ချရန်အတွက် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သောလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် တိုင်ကြားသော လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်) တို့သည် အပြီးသတ်ဆုံးဖြတ်ချက်ပြုနိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ၇ ရက်အတွင်း အယူခံဝင်နိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ကြားနာမှုများကို အများပြည်သူကြည့်ရှု နားထောင် နိုင်သည်။ တိုင်ကြားမှု သို့မဟုတ် အယူခံဝင်မှုများအတွက် အခကြေးငွေပေးဆောင်ရန် မလိုအပ်ပါ။ |
| နိုင်ငံရေးပါတီများအတွက်<br>ကျင့်ဝတ်များ (၅.၄.၁-၇)၊<br>(၈.၁.၃) | **လွှတ်တော်ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ယင်းတို့၏ ပါတီများအကြား အငြင်းပွားမှုများ-**<br>နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များသည် ဥပဒေအရ သက်ရောက်မှုရှိသော ကိရိယာတစ်ခုမဟုတ်ဘဲ မိမိသဘောဆန္ဒအရ အလေးအနက်ထား လုပ်ဆောင်မှုများသာဖြစ်သည်။ သို့သော် ကျင့်ဝတ်များအခန်း ၈ အရ ငြိမ်းချမ်းရေးအတွက် သိသာ ထင်ရှားသောခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကျင့်ဝတ်လေ့လာစောင့်ကြည့်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းသည်။ လိုအပ်လျင် (လက်မှတ်ရေးထိုးထားသူများသည်) ပူးတွဲကြေညာ ချက်များထုတ်ပြန်ပြီး ကျင့်ဝတ်များကိုလိုက်နာခြင်းမရှိသောလွှတ်တော်ကိုယ်စားလှ ယ်လောင်း သို့မဟုတ် နိုင်ငံရေးပါတီကို ရုတ်သိမ်းပေးရန် တောင်းဆိုနိုင်သည်။ ထို့အပြင် အကြမ်းဖက်မှုများ ဖြစ်ပွားသောအခါတွင် (လက်မှတ်ရေးထိုးထားသူများသည်) ယင်းတို့ကို အများပြည်သူသိရှိအောင်ရှုတ်ချနိုင်ပြီး သင့်လျော်သောအခါတွင် လိုအပ်သောပါတီတွင်းစည်းကမ်းထိန်းသိမ်းအရေးယူခြင်းများကို ဆောင်ရွက်နိုင်သည်။ |
| ဥပဒေမူဘောင်-<br>ပြည်တွင်းစောင့်ကြည့်<br>လေ့လာသူများ ကျင့်ဂတ်၊<br>နိုင်ငံတကာ စောင့်ကြည့်<br>လေ့လာသူများ ကျင့်ဂတ်၊<br>ပြည်တွင်းစောင့်ကြည့်<br>လေ့လာသူများ လုပ်ငန်းစဉ်များ<br>နိုင်ငံတကာ စောင့်ကြည့်<br>လေ့လာသူများ လုပ်ငန်းစဉ်များ | **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို အသိအမှတ်ပြုခြင်း-**<br>စောင့်ကြည့်လေ့လာသူတစ်ဦးကိုအသိအမှတ်ပြုရန် ငြင်းပယ်သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို ယင်းငြင်းပယ်ခြင်းခံရသောစောင့်ကြည့်လေ့လာသူသည် ပိုမိုအဆင့်မြင့်သော ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ ထံတွင်  ကန့်ကွက်ပိုင်ခွင့်ရှိသည်။ ဆုံးဖြတ်ချက်ကိုအသိပေးပြီးနောက် ၃ ရက်အတွင်း ယင်းကဲ့သို့ ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို UEC ထံတွင် အယူခံဝင်နိုင်သည်။<br><br>နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် နိုင်ငံတစ်ဝန်းလုံးတွင် ပြည်တွင်းစောင့်ကြည့်လေ့လာသူများသည် UEC ကပြုလုပ်သောဆုံးဖြတ်ချက်ကို UEC ထံတွင် အယူခံဝင်နိုင်သည်။ မဲဆွယ်စည်းရုံးမှုများဆောင်ရွက်ရန် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်း - ဥပဒေမူဘောင် - မဲဆွယ်စည်းရုံးရေး ညွှန်ကြားချက် ၁၀ (စ) လွှတ်တော်ကိုယ်စားလှယ်လောင်းသို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် စုဝေးဟောပြောခွင့်နှင့် မဲဆွယ်လှုပ်ရှားမှုကိုငြင်းပယ်သော သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို ငြင်းပယ်မှုကို အကြောင်းကြားပြီး နောက် ၃ ရက်အတွင်း အထက်အဆင့်ကော်မရှင်အဖွဲ့ခွဲများထံသို့ အယူခံဝင်နိုင်သည်။ ဆုံးဖြတ်ချက်ကို ၂ ရက် အတွင်း ပြုလုပ်ရမည်။ |

| | |
|---|---|
| ရွေးကောက်ပွဲနေ့ တိုင်ကြားမှုများ<br>ဥပဒေမူဘောင် -<br>ရွေးကောက်ပွဲဥပဒေအခန်း ၁၃ | **ရွေးကောက်ပွဲနေ့ မူမမှန်ခြင်းများ -**ရွေးကောက်ပွဲနေ့တွင်မဲဆန္ဒရှင်များ၊ စောင့်ကြည့်လေ့လာသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ နှင့် ပါတီကိုယ်စားလှယ်များတို့သည် တွေ့ရှိရသော မည်သည့်မူမမှန်ခြင်းများကိုမဆို မဲရုံမှူးထံသို့ ချက်ချင်း သတင်းပို့နိုင်သော အခွင့်အရေးရှိသည်။ မူမမှန်ခြင်းများ၏ ပြင်းထန်မှုအပေါ် မူတည်၍ မဲရုံမှူးသည် သတိပေးချက်ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲကိုရပ်ဆိုင်းခြင်းနှင့် ရွှေ့ဆိုင်းခြင်း၊ ပြည်သူ့ရဲထံမှ အကူအညီတောင်းခံခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်စုံတစ်ဦးကို မဲရုံမှထွက်ခွာသွားရန် တောင်းဆိုခြင်းစသည်ဖြင့် ဖြေရှင်းဆောင်ရွက်မှုများကိုပြုလုပ်နိုင်သည်။ မဲရုံမှူးသည် အဆိုပါမူမမှန်ခြင်းများ၊ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများထံသို့ အမြန်ဆုံးသတင်းပို့ရမည်။ အကယ်၍ မူမမှန်ခြင်းများသည် ရာဇဝတ်မှုဆိုင်ရာကျူးလွန်မှုများနှင့် ဆက်စပ်ပါက မဲရုံမှူးသည် ရဲတပ်ဖွဲ့ထံသို့ လွှဲအပ်နိုင်သည်။ ရွေးကောက်ပွဲဥပဒေများအရ လွဲမှားစွာပြုကျင့်မှုဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၊ ယင်း၏ ကိုယ်စားလှယ် သို့မဟုတ် ယင်းတို့ အတည်ပြု ထားသောပုဂ္ဂိုလ်တ စ်ဦးကျူးလွန်သော မရည်ရွယ်သည့်လုပ်ဆောင်မှုတစ်ခုခုကို ပုဒ်မ ၆၆(က)အတည်ပြုပြီး အခြားသူတစ်ဦးတစ်ယောက်ကျူးလွန်ပါက ပုဒ်မ ၆၆(ဆ) ဖြင့် အတည်ပြုနိုင်သည်။ အကယ်၍ တရားဥပဒေကိုမျက်ကွယ်ပြုမှုသည် အလွန်မြင့်မားပါက အရေးယူ ဆောင်ရွက်ရန် စဉ်းစားနိုင်ပြီးပြစ်မှုဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုနိုင်သည်။ အောက်ပါတို့သည် တရားဥပဒေကို မျက်ကွယ်ပြုမှုများဖြစ်သည်ဟု ဥပဒေတွင် ဖော်ပြထားသည်။ |
| ရွေးကောက်ပွဲနေ့ လွဲမှားစွာ<br>ပြုကျင့်မှုများ<br>ဥပဒေမူဘောင် -<br>လွှတ်တော်ရွေးကောက်ပွဲဥပ<br>ဒေ အခန်း ၁၄ ပုဒ်မ ၆၆။<br>ရွေးကောက်ပွဲဥပဒေ ၅၃၊<br>၈၆-၈၇။<br>မဲရုံမှူးလုပ်ငန်းလမ်းညွှန်များ<br>အပိုင်း ၅ (၁၈) ၁၂၊ ၁၃၊ ၁၄။ | • အခြားပုဂ္ဂိုလ်တစ်စုံတစ်ဦးကိုယ်စားမဲပေးခြင်း (သူတစ်ပါးအယောင်ဆောင်ခြင်း)<br>• မဲဝယ်ခြင်း<br>• လာဘ်ပေးလာဘ်ယူမှုပြုခြင်း သို့မဟုတ် ရွေးကောက်ပွဲအသုံးစရိတ်များကို မှတ်သားထားရန် ပျက်ကွက်ခြင်း<br>ယင်းအချက်များကိုမကျေနပ်သူ မည်သူမဆို စွပ်စွဲသောအချင်းအရာဖြစ်ပွားသောနေရာ (မဲရုံ သို့မဟုတ် အခြားမည်သည့်နေရာမဆို) သို့မဟုတ် UEC ထံသို့ အချိန်မီ ပြင်ဆင်နိုင်စေရန် အတွက် တိုက်ရိုက်တိုင်ကြားနိုင်သည်။ မည်သည့် မျက်ကွယ်ပြုမှုမျိုးကိုမဆို အမြန်ဆုံး သတင်းပို့ သင့်သည်။ ဥပဒေချိုးဖောက်မှုကိုရပ်ဆိုင်းစေရန်အတွက် ချက်ချင်းအရေးယူ ဆောင်ရွက်ရန် ရွေးကောက်ပွဲနေ့တွင် မဲရုံမှူးထံ၌ အခွင့်အာဏာရှိသည်။ |
| ရွေးကောက်ပွဲနေ့ ပြစ်မှုများ<br><br>ဥပဒေမူဘောင် -<br>လွှတ်တော်ရွေးကောက်ပွဲဥပ<br>ဒေအပိုင်းအခန်း ၁၃၊ ၁၄။<br>၈၆၊ ၈၇။ မဲရုံမှူးလုပ်ငန်း<br>လမ်းညွှန်ချက်များ ၁၄။<br>မြန်မာနိုင်ငံရာဇသတ်ကြီးဥပ<br>ဒေအခန်း ၉ က၊ ၁၇၁ (က)-<br>၁၇၁ (ည) | မဲဆန္ဒရှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်စေ၊ မဲရုံမှူးဖြစ်စေ မည်သူမဆို ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကို ရွေးကောက်ပွဲဥပဒေ အခန်း ၁၃ တွင် ပြဌာန်းထားသည့် အတိုင်း တိုင်ကြားနိုင်သည်။ UEC နှင့် ပြစ်မှုဆိုင်ရာတရားရုံးများအားလုံးတွင် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်ဆိုင်သောလုပ်ပိုင်ခွင့်များရှိသည်။ထို့အပြင် UEC သည် မိမိကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်၊ ပြစ်မှုဆိုင်ရာ စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန် အတွက်လွှဲအပ်ရန် အခွင့်အာဏာရှိသည်။<br>အဆိုပါတိုင်ကြား မှုများကို ဆန်းစစ်ရန်အတွက် ရွေးကောက်ပွဲခုံရုံးဖွဲ့စည်းရန် UEC တွင်အခွင့်အာဏာရှိသည်။ ရွေးကောက်ပွဲခုံရုံးကိုဖွဲ့စည်းခဲ့ပြီး ယင်းကအကယ်၍ ရွေးကောက်တင်မြောက်ခံရ သောကိုယ်စားလှယ်သည် တရားမဲ့ပြုကျင့်မှုများတွင် ပါဝင်လုပ်ဆောင်ခဲ့သည်ဟု ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ ရွေးကောက်ပွဲဖြစ်စဉ်ရှိ ပြစ်ချက်များသည် ရွေးကောက်ပွဲရလဒ်ကို ထိခိုက်စေနိုင်လောက်သည်ဟု ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းခုံရုံးက ရွေးကောက်ပွဲရလဒ်ကို တရားမဝင်ဟု သတ်မှတ်နိုင်သည်။ ရွေးကောက်ပွဲပြစ်မှုများနှင့်ပတ်သက်ပြီး မရိုးသားစွာနှင့် မသမာစွာပြုမူမှုများကို ရာဇဝတ်မှုကြောင်းအရ တရားစွဲနိုင်ပြီး ထောင်ဒဏ်နှင့်/သို့မဟုတ် ငွေဒဏ်များချမှတ်နိုင်သည် ဥပဒေတွင်ပါရှိသည်။<br><br>ကော်မရှင်သည် ခုံရုံးနှစ်မျိုးအနက် မည်သည့်အမျိုးအစားဖွဲ့စည်းမည်ကိုရွေးချယ်နိုင်သည်။<br>• UEC အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အခြားကော်မရှင်ဝင်နှစ်ဦးက ခုံရုံးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သော ရွေးကောက်ပွဲခုံရုံးသို့မဟုတ်<br>• UEC အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဥပဒေကျွမ်းကျင်သည့် သင့်လျော်သောနိုင်ငံသား နှစ်ဦးက အဖွဲ့ဝင်အဖြစ်ဆောင်ရွက်သောခုံရုံး |

| | |
|---|---|
| ရွေးကောက်ပွဲလွန်ကာလ တိုင်ကြားမှုများ<br><br>ရွေးကောက်ပွဲရလဒ်များကို ကန့်ကွက်ခြင်း<br><br>ဥပဒေမူဘောင် -<br>အခြေခံဥပဒေ ၄၀၂ (ခ)၊ရွေးကောက်ပွဲဥပဒေအခန်း ၁၅၊ ရွေးကောက်ပွဲနည်းဥပဒေ ၁၄၊ ၆.၈၇၊၈၈။ ၉၀၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉။ | အကယ်၍ ရွေးကောက်တင်မြောက်ခြင်းခံရသောကိုယ်စားလှယ်သည် ဥပဒေနှင့်မညီညွတ်ဘဲ ရွေးကောက် တင်မြောက်ခြင်းခံရကြောင်း လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး သို့မဟုတ် မဲဆန္ဒရှင်တစ်ဦးက တွေ့ရှိခဲ့လျှင် စွပ်စွဲချက်အပေါ်မူတည်ပြီး ရွေးကောက်ပွဲခုံရုံးကိုဖွဲ့စည်းနိုင်မည့် UEC ထံသို့ ကန့်ကွက်လွှာတင်သွင်းနိုင်သည်။ ရလဒ်များကြေညာပြီးသည့်နောက် ၄၅ ရက်အတွင်း ကန့်ကွက်ခြင်းပြုရမည်။ ကန့်ကွက်ခြင်းအတွက် ပေးသွင်းရမည့် အမှုစရိတ်မှာ ငွေကျပ် ငါးသိန်းဖြစ်သည်။<br><br>ကန့်ကွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြော်ငြာစာဘုတ်တွင် ကပ်ထားပြီး တင်သွင်းသည့် ငွေကြေး ပေါ်မူတည်ပြီး မဲဆန္ဒရှင် သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးဦးက အယူခံတွင်ပါဝင်နိုင်သည်။<br><br>အကယ်၍ ကန့်ကွက်ချက်သည် မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်သည်ဟုတွေ့ရှိရပါက ကော်မရှင်နှင့် ခုံရုံးတို့သည် တောင်းဆိုချက်ကိုပယ်ချနိုင်သည်။ သို့သော် ပေးသွင်းထားသော အမှုစရိတ်ကို ပြန်လည်ထုတ်ယူခွင့် မရှိစေရ။ အကယ်၍ ကျူးလွန်မှုသည် ပြစ်မှုဆိုင်ရာနှင့် ဆက်စပ်ပြီး ရွေးကောက်ပွဲဥပဒေ အခန်း ၁၃ တွင် ဖော်ပြထားသည့်အတိုင်း ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်ပါက ယင်းအမှုကို ရွေးကောက်ပွဲခုံရုံးတွင် ပလပ်ပြီး ရဲတပ်ဖွဲ့နှင့် ပြစ်မှုဆိုင်ရာ တရားရုံးများ၏ လုပ်ပိုင်ခွင့်အတွင်းကျရောက်သွားလိမ့်မည်။<br><br>ရွေးကောက်ပွဲခုံရုံးသည် ယင်းအမှုကို တရားမမှုကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကျင့်ထုံး များနှင့်အညီ စုံစမ်းစစ်ဆေးလိမ့်မည်။ ခုံရုံး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်ရန်အတွက် အသိပေးလျှက် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ အယူခံဝင်လိုပါက UEC ထံသို့ ၁၅ ရက်အတွင်း အယူခံလွှာတင်သွင်းရမည်။ အယူခံလွှာတင်သွင်းရန်အတွက် အမှုစရိတ်မှာ ငွေကျပ် ငါးသိန်းဖြစ်သည်။<br><br>မူလ အယူခံလွှာ သို့မဟုတ် ကန့်ကွက်လွှာကို မည်သည့်အဆင့်တွင်မဆို ရုပ်သိမ်းနိုင်သော အခွင့် အလမ်းရှိသည်။ သို့သော် ကန့်ကွက်သူသည် အမှုစရိတ်ကုန်ကျငွေများကို ပေးရန်တာဝန်ရှိဆဲ ဖြစ်သည်။ ရုတ်သိမ်းရန် တောင်းဆိုမှုကို အများပြည်သူသိရှိစေရမည်ဖြစ်ပြီး ၁၅ ရက်အတွင်း မည်သူမဆို အမှုစရိတ် ငွေကျပ် ငါးသိန်း ပေးသွင်းပြီး အစားထိုးအယူခံလွှာတင်သွင်းသူအဖြစ် လျှောက်ထားနိုင်သည်။ အကယ်၍ ကန့်ကွက်လွှာတင်သွင်းသူသည် ကျေနပ်ပြီး အယူခံလွှာ မတင်သွင်းလျှင်ပင် ရွေးကောက်ပွဲဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ချခြင်းတို့ကို UEC က လုပ်ဆောင်နိုင်သည်။ |
| ရွေးကောက်ပွဲအသုံးစရိတ်များနှင့် ဆက်စပ်သောကျူးလွန်မှုများ<br><br>ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၆(စ)။ ရွေးကောက်ပွဲနည်းဥပဒေ အခန်း ၁၃။ | ခုံရုံးတွင် ကြားနာမှုပြုနေစဉ်တွင် ခုံရုံးသည် တရားဥပဒေအရ အမှားပြုမိသည်ဟု ကန့်ကွက်လွှာ တင်သွင်းသူ သို့မဟုတ် တုန့်ပြန်သူက ယုံကြည်လျှင် ဥပဒေဆိုင်ရာမေးခွန်းတစ်ခုကို အခြေပြု၍ ပြန်လည်သုံးသပ်ခြင်းကို UEC ထံသို့ တင်ပြနိုင်သည်။ စရိတ်အဖြစ် ငွေကျပ် သုံးသိန်းကို ပေးသွင်းရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်ထံသို့ လိုအပ်သည့် ငွေကြေးဆိုင်ရာအစီရင်ခံစာတင်သွင်းခြင်းမ ရှိကြောင်း စွပ်စွဲခြင်း ခံရလျှင် အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စား လှယ်သည် ကော်မရှင်အဖွဲ့ခွဲထံသို့ အယူခံလွှာတင်သွင်းနိုင်သည်။ ရွေးကောက်ပွဲကုန်ကျ စရိတ်များဆိုင်ရာဥပဒေအရ ပြဋ္ဌာန်းထားချက်များကိုချိုးဖောက်သ ည့်အတွက် အရည်အချင်း ပျက်ယွင်းသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းကို ထုတ်ပြန်ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း ယင်းအယူခံလွှာကို တင်သွင်းရမည်။ |

| | |
|---|---|
| လွှတ်တောကယ်စားလှယက တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း ဥပဒေ မူဘောင် - အခြေခံဥပဒေ ၃၆၉ (ခ)၊ ၃၉၆။ | ကော်မရှင်သည် တိုင်ကြားမှုကို စိစစ်မည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းကို အရည်အချင်းပျက်ယွင်းသည်ဟု သတ်မှတ်ရန်သင့်မသင့်ကို ဆုံးဖြတ်ရန် ရွေးကောက်ပွဲဆိုင်ရာခုံရုံးကို ဖွဲ့စည်းမည်။ ခုံရုံးသည် အရည်အချင်း ပျက်ယွင်းကြောင်း ဆုံးဖြတ်ချက်ကို အတည်ပြုမပြု အပြီး သတ်အဆုံးအဖြတ်ပြုနိုင်သော အခွင့်အာဏာရှိသည့် UEC ထံသို့ အစီရင်ခံစာတစ်စောင်ကို တင်သွင်းမည်။ UEC ၏ အဆုံးအဖြတ်ကို အယူခံဝင်ပိုင်ခွင့်မရှိပေ။ အယူခံဝင်ခြင်းစရိတ်သတ်မှတ် ထားခြင်းမရှိပေ။<br><br>သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းသည် အကယ်၍ ယင်းတို့၏ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်အပေါ် ကျေနပ်မှုမရှိခဲ့လျှင် စုံစမ်းစစ်ဆေးမှုများပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မတီထံသို့ တိုင်ကြားလွှာပေးပို့နိုင်သည်။ ဖြစ်နိုင်သော စွပ်စွဲချက်များမှာ -<br><br>• နိုင်ငံတော်ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း<br>• ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း<br>• အကျင့်သိက္ခာပျက်ပြားခြင်း<br>• လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း<br>• ဥပဒေအရပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်းလွှတ်တော်ကိုယ်စား လှယ်ကို အယူခံခွင့်မရှိစေဘဲ ဖြုတ်ချနိုင်သည့် အခွင့် UEC တွင်ရှိသည်။ အမှုစစ်ဆေးခြင်းများဆောင်ရွက်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာခုံရုံးကို UEC က ဖွဲ့စည်းနိုင်သည်။ |

Democracy Reporting International

Prinzessinnenstr 30
10969 Berlin / Germany
T / +49 30 27 87 73 00
F / +49 30 27 87 73 00-10
info@democracy-reporting.org
www.democracy-reporting.org

This project is funded through a grant from the European Union.